# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 1 March 2023 ၁၁၀၂၆


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိမိတို့တစ်ဦးတစ်ယောက်၏ တာဝန်လစ်ဟင်းမှုများသည် ဆုံးရှုံးမှုနှင့် ပေးဆပ်ရမှုများ ကြီးမားစွာဖြစ်ပေါ်လာနိုင်သည့်အတွက် နိုင်ငံနှင့် တပ်မတော်အတွက်၊ ပြည်သူ့အတွက် သစ္စာရှိစွာဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်

## အနာဂတ်နိုင်ငံတော်ကို အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ အတူတကွ လက်တွဲ၍ ကောင်းမွန်စွာပုံဖော်နိုင်ရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား အဆိုပါရေတပ်စခန်းဌာနချုပ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေး (ပထမနေ့)ကျင်းပ စာမျက်နှာ » ၈

ဒေသထွက်ကုန်များကို အခြေခံပြီး တန်ဖိုးမြင့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေး သင်တန်းများ ပို့ချဆောင်ရွက် စာမျက်နှာ » ၁၀

လူမှုရေးပညာမဟာဌာန ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ » ၁၂



လှမ်းလာခဲ့ဖို့ ဖိတ်ခေါ်ပါသည် ကော်ဖီဥယျာဉ်ဆီ

ဆောင်းပါး စာမျက်နှာ » ၁၆

# ကြေးမုံ

## ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကိုဖော်ဆောင်

ရခိုင်ပြည်နယ်သည် ရိုးမတောင်တန်းကြီးနှင့် မြစ်ချောင်းအင်းအိုင်၊ ကျွန်းကြီးကျွန်းငယ်များဖြင့် ရာသီဥတုကောင်းမွန်သောပြည်နယ်ဖြစ်သည်။ ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားပြီး သဘာဝသယံဇာတများလည်း ပေါများကြွယ်ဝသည်။ ရှည်လျားပြီး သာယာလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရှိသည့် ပြည်နယ်ကို တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်။

သာယာလှပသည့်ပြည်နယ်ကို အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ပေါင်းစပ်လိုက်ပါက လူမှုဘဝမြင့်မားသည့် ဒေသတစ်ခုဖြစ်လာမည်။ ကုန်လွန်ခဲ့သောကာလများက ပြည်တွင်း/ပြည်ပအနှောင့်အယှက်များကြောင့် ပြည်နယ်အေးချမ်းသာယာဖွံ့ဖြိုးမှု ယုတ်လျော့ယိုယွင်းစေခဲ့သည်။ အစိုးရအဆက်ဆက်က အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်ခဲ့သောကြောင့် ယခုအခါ ရခိုင်ပြည်နယ်သည် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်စပြုနေပြီ။ ဖေဖော်ဝါရီ ၂၇ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းများမြှင့်တင်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် သွားရောက်ခဲ့သည်။

ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးနှင့် ရေထွက်ကုန်ထုတ်လုပ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝအရင်းအမြစ်များကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့်ကုန်သွယ်စီးပွား ခရီးသွားလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ကြသည်။ ရခိုင်ကမ်းလွန်တွင် သဘာဝဓာတ်ငွေ့စီမံကိန်းနှင့် နယ်စပ်ကုန်သွယ်ရေး၊ ပြည်ပဆက်သွယ်ကူးသန်းရောင်းဝယ်ရေးတိုးတက်လာအောင် ဆောင်ရွက်နိုင်သည့်အခြေခံကောင်းများရှိသည်။ ထို့ကြောင့် နိုင်ငံတော်မှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမှုများဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်လျက်ရှိသည်။ ယခုအခါ ရခိုင်ပြည်နယ်ကို အကျိုးများစွာဖြစ်ထွန်းစေနိုင်သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းတစ်ခု တည်ဆောက်လျက်ရှိသည်။

အဆိုပါစီမံကိန်းကို မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကူးလူးဆက်သွယ်မှု၊ ကုန်သွယ်မှုကို တိုးမြှင့်နိုင်မည့် စီမံကိန်းဖြစ်သည်။ ကုလားတန်မြစ်သည် အိန္ဒိယနိုင်ငံနှင့် ချင်းပြည်နယ်တောင်တန်းများမှ ရခိုင်ပြည်နယ်သို့ ဖြတ်သန်းစီးဆင်းနေသည့် မြစ်တစ်စင်းဖြစ်သည်။ ကုလားတန်မြစ်အခေါ်မှာ ဒေသအသုံးအနှုန်းဖြစ်ပြီး စာပေတွင် ကစ္ဆပနဒီမြစ်ဟု ခေါ်သည်။ အလွန်ရှည်လျားသည့် သာယာလှပသောမြစ်တစ်စင်းမှ အကျိုးကျေးဇူးများမှာ များလှသည်။ သို့သော် ရခိုင်ပြည်နယ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပလက်ဝနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကုလားတန်မြစ်ကြောင်းတစ်လျှောက် ဒေသအားလုံးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း ဆောင်ရွက်ပြီးစီးပါက မြန်မာနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံကုန်သွယ်မှုအခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများပေါ်ပေါက်လာပြီး အိန္ဒိယနိုင်ငံနှင့်သာမက အခြားနိုင်ငံများနှင့်ပါ တိုက်ရိုက်ကုန်သွယ်နိုင်ခြင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းများပွင့်လန်းလာခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ရေကြောင်းသွားလာမှုကိုအခြေခံသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်သည့် အခွင့်အလမ်းများ ရရှိလာနိုင်သည်။

ယခုအခါ စီမံကိန်းနှင့်ပတ်သက်၍ ရုံးအဆောက်အအုံများ၊ စက်ယန္တရားများနှင့် မြစ်တွင်းသွားသယ်ယူပို့ဆောင်ရေးယာဉ်များရှိနေပြီ။ ပလက်ဝပြည်တွင်းရေကြောင်းဆိပ်ကမ်းတို့ကို တည်ဆောက်ထားပြီး အပြည်ပြည်ဆိုင်ရာ အကောက်ခွန်ဆိပ်ကမ်းအဖြစ်လည်း သတ်မှတ်ဆောင်ရွက်မည်ဖြစ်သည်။ ပလက်ဝမှ မြန်မာ-အိန္ဒိယနယ်စပ်အထိ အဝေးပြေးကားလမ်းဖောက်လုပ်ရန်ဆောင်ရွက်နေပြီး စီမံကိန်းတစ်ခုလုံးပြီးစီးပါက ပြည်နယ်ဖွံ့ဖြိုးရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ သာယာလှပပြီး ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများရှိသော ရခိုင်ပြည်နယ်သည် အခြေအနေအကြောင်းကြောင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ခဲ့ပြီး ယခုအခါ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ပြီဖြစ်ရာ ရည်မှန်းသည့်အတိုင်းအောင်မြင်ရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးရေး။
- ★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## တမူးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ သံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ စသည့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် တမူးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်ထွန်းမောင်နှင့် ဝန်ထမ်းများက မြေနီကုန်းဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ကုလားပဲအမယ်လေးမျိုးတို့ကိုဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈ - ၂ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၉၇ | ၈၀၆,၁၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၃၃၇ | ၁,၀၆၁,၅၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၂၉ | ၂၁၇,၅၀၀ |
| FPB | ၁,၇၀၀ | ၁,၆၅၀ | ၁၈၁ | ၃၀၇,၆၅၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၆၀၀ | ၂,၂၁၀ | ၅,၆၄၆,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၁၀ | ၅၃၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၂၈.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၂.၇၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၄၀၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၇.၉၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၀၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၀.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၆.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၆.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၇၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် တပ်မတော်သည် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရသည့် အခြေအနေမှန်များနှင့် နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်နေရမှုများကို သိရှိနားလည်နေရမည်ဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားပြီး နိုင်ငံတော်တွင် ပြည်သူ့ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေး တပ်မတော်မှ ဦးဆောင်ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီအစိုးရကာလများတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး တိုးတက်မှုများရှိသကဲ့သို့ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလတွင် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ အားနည်းချက်များရှိခဲ့ခြင်းကြောင့် ပြည်သူလူထုမှ ရွေးကောက်ခံအစိုးရအပေါ် ယုံကြည်မှုအားနည်းမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိရေး မသမာသောနည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့မှုများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အတွက် နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုများ၊ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကို သင်ခန်းစာယူပြီး လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ အပါအဝင် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိမှုနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ လူတစ်ဦးပင်ဖြစ်စေ၊ နိုင်ငံတစ်ခုပင်ဖြစ်စေ အမြဲမပြတ် ကြိုးပမ်းအားထုတ်နေမှသာလျှင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း အခက်အခဲများကြားမှ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**လူသာလျှင် အဓိကဖြစ်သဖြင့် အရည်အသွေးရှိပြီး စိတ်ဓာတ်ကောင်းသည့် စစ်သည်များဖြစ်ရန် အရေးကြီး**

တပ်မတော်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ **တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ပြီး တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ) ဟူ၍ မြေပြင်၊ ရေပြင်၊ ဝေဟင် လုံခြုံရေးတာဝန်များကို စုပေါင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်**ကြောင်း၊ တပ်မတော်(ရေ) အနေဖြင့် နိုင်ငံတော်၏ ရေပြင်ပိုင်နက်နယ်နိမိတ်များကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ရေပေါ်၊ ရေအောက် ပိုင်နက်နယ်နိမိတ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စစ်သည်တစ်ဦးချင်း နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ လောက၌ မည်သည့်အရေးကိစ္စကိုမဆို လူပါဝင်ဆောင်ရွက်ရပြီး လူ၏ကြိုးစားအားထုတ်မှုဖြင့်သာ လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ပြီး လူသာလျှင် ပဓာနဖြစ်ကြောင်း။

ထို့ကြောင့် လူတစ်ဦးချင်း၏ အရည်အသွေးများ ခိုင်မာခြင်းသည် အရေးကြီးကြောင်း၊ တပ်တစ်ခုကောင်းရန်မှာလည်း တပ်တွင် တာဝန်ထမ်းဆောင်သည့်သူများ အရည်အချင်းရှိရန်၊ စိတ်ဓာတ်ကောင်းရန် အရေးကြီးကြောင်း၊ ကျောက်ဖြူဒေသ၏ ထူးခြားချက်သည် ကုန်းမြေနှင့်ရေပြင် ထိစပ်ဆက်စပ်လျက်ရှိပြီး နယ်မြေခံတပ်များအနေဖြင့် ရေပြင်၊ မြေပြင် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရကြောင်း၊ နိုင်ငံတော်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရာတွင် မှန်မှန်ကန်ကန် တာဝန်ကျေပွန်အောင် ထမ်းဆောင်ရန်လိုပြီး မိမိတို့တစ်ဦးတစ်ယောက်၏ တာဝန်လစ်ဟင်းမှုများသည် ဆုံးရှုံးမှုနှင့် ပေးဆပ်ရမှုများ ကြီးမားစွာဖြစ်ပေါ်လာနိုင်သည့်အတွက် နိုင်ငံနှင့် တပ်မတော်အတွက်၊ ပြည်သူ့အတွက် သစ္စာရှိစွာဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

**အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ အတူတကွ လက်တွဲ၍ အနာဂတ်နိုင်ငံတော်ကို ကောင်းမွန်စွာ ပုံဖော်နိုင်ရမည်**

တပ်မတော်သည် ပြည်သူတို့နှင့်အတူလက်တွဲပြီး လွတ်လပ်ရေးကို ရယူပေးခဲ့ပြီး ပြည်ထောင်စုကြီးမပြိုကွဲရေးနှင့် တို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားကာ ယနေ့အချိန်အထိ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်ကို သိရှိပြီးဖြစ်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ အယူဝါဒရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပေါ်ပေါက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကိုလည်း မိမိတို့၏ ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်သည်ဟူသည့် စိတ်ဖြင့် အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းသာ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတိုင်းပြည်၏ ပကတိအခြေအနေမှန်ကို သိရှိနားလည်ရမည်ဖြစ်ပြီး စစ်ရေးသတိ၊ စစ်ရေးအသိနှင့် လုံခြုံရေးအမြင်များ ရှိရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ အတူတကွလက်တွဲ၍ ကောင်းမွန်စွာ ပုံဖော်နိုင်ရမည်ဖြစ်ကြောင်း၊ **ပေးအပ်လာသည့် တာဝန်များကို ကြည်သာရွှင်ပျစွာ ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး မိမိတို့တာဝန်များကို လေးလေးစားစားဖြင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပါက မိမိတို့၏ တာဝန်ထမ်းဆောင်မှုများကို အသိအမှတ်ပြုခံရမည်ဖြစ်**ကြောင်း၊ ထို့ပြင် မိမိတို့တာဝန်ကျရာဒေသ၌လည်း ကြည်သာရွှင်ပျစွာဖြင့် တပ်၏ကောင်းရာကောင်းကျိုး၊ ဒေသ၏ ကောင်းရာကောင်းကျိုးကို ထမ်းဆောင်ကြရန်လိုကြောင်း။

ကျောက်ဖြူဒေသသည် ရာသီဥတုပြင်းထန်သည့် ဒေသတစ်ခုဖြစ်သည့်အတွက် ကျန်းမာရေးကို ဂရုတစိုက်ဖြင့် နေထိုင်ခြင်း၊ မမျှော်လင့်ထားသည့် သဘာဝဘေးအန္တရာယ်များအတွက် သတိရှိရှိဖြင့် နေထိုင်ခြင်း၊ ကြိုတင်ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်ကြရန်လိုကြောင်း၊ သွားရေးလာရေး ဝေးလံခက်ခဲသည့်ဒေသဖြစ်သဖြင့် တပ်ပိုင်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး စားရေးကို အထောက်အကူဖြစ်စေရမည်ဖြစ်ကြောင်း။

ပညာရေးနှင့် ပတ်သက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့ဘဝတိုးတက်ရေးကို အထောက်အကူပြုစေမည့် ဗဟုသုတများရရှိစေရန် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ မိမိကိုယ်တိုင် အသိပညာ ဗဟုသုတရရှိစေမည့် စာကောင်းပေမွန်များကို လေ့လာဖတ်ရှုရုံသာမက မိမိတို့၏ ကလေးငယ်များကိုလည်း ပညာရည်မြှင့်တင်ပေးရန်လိုကြောင်း၊ သို့မှသာ ၎င်းတို့၏ ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်၍ မိဘကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့် ပညာအမွေကို ပေးနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ နယ်မြေခံရေတပ်စခန်းဌာနချုပ်၏ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေတပ်စခန်းဌာနချုပ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။**

○ **ကျောက်ဖြူဒေသသည် ရာသီဥတုပြင်းထန်သည့် ဒေသတစ်ခုဖြစ်သည့်အတွက် ကျန်းမာရေးကို ဂရုတစိုက်ဖြင့် နေထိုင်ခြင်း၊ မမျှော်လင့်ထားသည့် သဘာဝဘေးအန္တရာယ်များအတွက် သတိရှိရှိဖြင့် နေထိုင်ခြင်း၊ ကြိုတင်ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်ကြရန်လိုကြောင်း၊ သွားရေးလာရေး ဝေးလံခက်ခဲသည့်ဒေသဖြစ်သဖြင့် တပ်ပိုင်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး စားရေးကို အထောက်အကူဖြစ်စေရမည်**

○ **ကျောက်ဖြူဒေသ၏ ထူးခြားချက်သည် ကုန်းမြေနှင့် ရေပြင် ထိစပ်ဆက်စပ်လျက်ရှိပြီး နယ်မြေခံတပ်များအနေဖြင့် ရေပြင်၊ မြေပြင် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရကြောင်း၊ နိုင်ငံတော်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရာတွင် မှန်မှန်ကန်ကန် တာဝန်ကျေပွန်အောင် ထမ်းဆောင်ရန်လိုပြီး မိမိတို့တစ်ဦးတစ်ယောက်၏ တာဝန်လစ်ဟင်းမှုများသည် ဆုံးရှုံးမှုနှင့် ပေးဆပ်ရမှုများ ကြီးမားစွာဖြစ်ပေါ်လာနိုင်သည့်အတွက် နိုင်ငံနှင့် တပ်မတော်အတွက်၊ ပြည်သူ့အတွက် သစ္စာရှိစွာဖြင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

# ဒေသနှင့်တိုင်းပြည်အကျိုးကိုကြည့်၍ မိမိတို့တစ်ဦးချင်းစီအလိုက် ဆောင်ရွက်ရမည်များကို တတ်စွမ်းသရွေ့ ကြိုးပမ်းအားထုတ်ဆောင်ရွက်

# မျိုးဆက်သစ်များ၊ နောင်လာနောက်သားများအတွက် အနာဂတ်ကောင်းကို ဖန်တီးပေးနိုင်ရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ကျောက်ဖြူမြို့ရှိ ရမ္မာဝတီခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျောက်ဖြူ အထူးစီးပွားရေးဇုန်ဆိုင်ရာများနှင့် ဒေသဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြ**

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ကျောက်ဖြူ အထူးစီးပွားရေးဇုန် ဖြစ်ပေါ်လာပုံနှင့် နောက်ခံအခြေအနေများ၊ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ အစိုးရအဆက်ဆက် ရေရှည်စီမံချက်များချမှတ်၍ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ လက်ရှိစီမံကိန်း ဆောင်ရွက်လျက် ရှိမှုနှင့် ဆက်လက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်ဖြူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲလင်းမောင်က ဒေသဆိုင်ရာ အချက်အလက်များ၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး၊ ကျန်းမာရေး အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက် ပေးစေလိုမှု၊ ကျောက်ဖြူမြို့ရှိ သာသနာ့ဗိမာန် အဆောက်အအုံသည် နှစ်ပေါင်းကြာရှည်ပြီဖြစ်ပြီး ပျက်စီးယိုယွင်းလျက်ရှိသဖြင့် ပြင်ဆင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိမှုတို့ကို တင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပညာရေးဒီဂရီကောလိပ်အတွင်း အသစ်ဆောက်လုပ်လျက်ရှိသည့် သုံးထပ်ပင်မစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နိုင်ငံတည်ဆောက်ရေးတွင် ဦးတည်ချက်များ၊ ရည်မှန်းချက်များထားရှိပြီး မပျောက်ပျက်အောင် ဦးတည်ဆောင်ရွက်ရမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ကျောက်ဖြူခရိုင်အတွင်းရှိဌာနဆိုင်ရာတာဝန်ရှိသူများကို ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခြင်း ဖြစ်ကြောင်း၊ စစ်တွေမြို့၌လည်း ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြဆွေးနွေးကြကြောင်း၊ လူတိုင်းသည် မိမိတို့ဒေသ၊ မိမိတို့တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေလိုသည် ဖြစ်သော်လည်း မိမိဒေသနှင့် တိုင်းပြည်၏ ပကတိအခြေအနေနှင့် ကိုက်ညီပြီး ဖြစ်နိုင်သည်နှင့် ဖြစ်သင့်သည်များကို တွက်ချက်ဆောင်ရွက်ကြရကြောင်း၊ နိုင်ငံတည်ဆောက်ရေးတွင် ဦးတည်ချက်များ၊ ရည်မှန်းချက်များထားရှိပြီး ဆောင်ရွက်ကြရကြောင်း၊ ရည်မှန်းချက်များ၊ ဦးတည်ချက်များ မပျောက်ပျက်စေရေး ဦးတည်ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန် စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို နိုင်ငံရေး လုပ်ငန်းစဉ် ၂ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေး လုပ်ငန်းစဉ် ၂ ရပ်အနေဖြင့်လည်း တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ သာယာဝပြောရေးသည် တည်ငြိမ် အေးချမ်းရေးနှင့် တိုက်ရိုက် ဆက်စပ်လျက်ရှိသည့်အတွက် ဒေသတစ်ခုချင်းစီအလိုက် တည်ငြိမ်အေးချမ်းမှသာလျှင် ဒေသများနှင့် တိုင်းပြည်သည်လည်း သာယာဝပြောလာမည် ဖြစ်ကြောင်း။

**မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေး လုပ်ငန်းစဉ် ၂ ရပ်အနေဖြင့်လည်း တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ သာယာဝပြောရေးသည် တည်ငြိမ်အေးချမ်းရေးနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည့်အတွက် ဒေသတစ်ခုချင်းစီ အလိုက် တည်ငြိမ်အေးချမ်းမှသာလျှင် ဒေသများနှင့် တိုင်းပြည်သည်လည်း သာယာဝပြောလာမည်**

**ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး ပညာရေးအားပေးမြှင့်တင်**

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် အဓိကလိုအပ်ချက်သည် လူသား အရင်းအမြစ်ကောင်းများ များစွာ ပေါ်ထွက်လာရေးပင် ဖြစ်သည့်အတွက် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိကြောင်း၊ အတန်းပညာရှိမှသာ အသိပညာ၊ အတတ်ပညာများ တိုးတက်ရရှိမည်ဖြစ်သည့်အတွက် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ပညာရေးကို အားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ကျောက်ဖြူဒေသတွင် ပညာတတ်များ ပေါ်များစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ဒေသတွင်း ပညာတတ်များပေါ်များမှသာ ဒေသတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများကို ရရှိမည်ဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေး**

ကျောက်ဖြူဒေသတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိပြီးဖြစ်ကြောင်း၊ ကျောက်ဖြူခရိုင်အတွင်း

စာမျက်နှာ ၅ သို့ ◆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အဆောက်အအုံဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

◆ စာမျက်နှာ ၄ မှ

စပါးအထွက်နှုန်းများ ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက ဒေသအတွက်များစွာ အကျိုးရှိမည်ဖြစ်ပြီး စပါးစိုက်တောင်သူများအတွက် ဝယ်လိုအားတက်လာစေမည် ဖြစ်ကြောင်း၊ တိုင်းပြည်အတွက်လည်း ဝင်ငွေ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် တောင်သူတစ်ဦးချင်း တစ်ယောက်ချင်းစီ၏ ဝင်ငွေများ တိုးပွားလာမှုမှအစပြု၍ ဒေသတွင် နေထိုင်သူများအားလုံး၏ ဝင်ငွေများ ယခင်ကထက် တိုးတက်ကောင်းမွန်လာပြီး ဒေသတွင်းလည်ပတ်သုံးစွဲငွေ များပြားလာကာ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဧကချင်း အထွက်နှုန်းများကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ဒေသ၏လိုအပ်ချက်ကို ပြည့်မီအောင် ဦးစားပေး ဆောင်ရွက်ပြီး ယင်းထက်ပိုမို ထုတ်လုပ်နိုင်မည်ဆိုပါက အခြားဒေသများ၊ ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်ရန်အတွက် မျိုးကောင်းရန်၊ မြေဩဇာနှင့် အောင်ရေ လုံလောက်စွာရရှိရန်၊ စိုက်နည်းစနစ်များ ကောင်းမွန်ရန်လိုကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့် မြေဩဇာများရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက ဇီဝမြေဩဇာများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသနှင့်ကိုက်ညီသည့် ငါးနှင့် ပုစွန်မွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကျောက်ဖြူဒေသ၏ စီးပွားရေးကိုများစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဒေသတွင်း ကောင်းမွန်စွာ ပေါက်ရောက် ဖြစ်ထွန်းသည့် အုန်းပင်ကို အကျိုးရှိစွာအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ အုန်းနှင့် အုန်းထွက်ပစ္စည်းများမှ အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်း အမျိုးအမည်များစွာကို ထုတ်လုပ်ရောင်းချနိုင်မည် ဖြစ်သဖြင့် ကျောက်ဖြူဒေသတွင် အုန်းစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြောင်း၊ အုန်းစိုက်ပျိုးခြင်းဖြင့် ဒေသအတွင်း အုန်းထွက်ပစ္စည်းများကို ထုတ်လုပ်နိုင်သဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကာ ဒေသဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း။

အလားတူ သဘာဝဘေးဒဏ်ကိုခံနိုင်ရေးနှင့် မိုးလေဝသမှန်ကန်စေရေးတို့အတွက် အရိပ်ရလေကာပင်များ၊ လမုပင်များကို စိုက်ပျိုးရန်လိုသကဲ့သို့ ရှိပြီးဖြစ်သည့် သစ်ပင်သစ်တောများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ သစ်ပင်သစ်တောများအားလုံးသည် သဘာဝဘေးဒဏ်ကာကွယ်ရေးကို များစွာ အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ကျောက်ဖြူရေနက်ဆိပ်ကမ်းကို ပြည်ပကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကျောက်ဖြူ စက်မှုဇုန်နှင့်ပတ်သက်၍လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသတစ်ခုချင်းစီအလိုက် ၎င်းဒေသနှင့် ကိုက်ညီနိုင်မည့် စီးပွားရေးလုပ်ငန်းများကို ရေတိုရေရှည် တွက်ချက် ဘက်ပေါင်းစုံမှ တွက်ချက်စဉ်းစား ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းကို ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အတွက် အဘက်ဘက်မှ ကြည့်ရှုစဉ်းစားပြီး အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထားဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြင့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ကျောက်ဖြူဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပြီး ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ပေးလျက်ရှိကြောင်း။

**အိမ်သာလျှင် ဧည့်လာမည်**

ထို့ပြင် ကျောက်ဖြူဒေသသည် သာယာလှပသည့် ပတ်ဝန်းကျင်နှင့် သဘာဝအလှရှုခင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အောင်မြင်စွာ ဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ လာရောက်သူ များပြားစေရေး ဒေသတည်ငြိမ်အေးချမ်းမှု၊ သန့်ရှင်းသပ်ရပ်မှု၊ ဒေသထွက် အစားအစာများနှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မှုတို့ဖြင့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များကို ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ အိမ်သာယာမှသာလျှင် ဧည့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် လာရောက် တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများအားလုံးက အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့် တိုင်းပြည်အကျိုးကို ကြည့်၍ မိမိတို့ တစ်ဦးချင်းစီအလိုက် ဆောင်ရွက်ရမည်များကို တတ်စွမ်းသရွေ့ ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြစေလိုပြီး မျိုးဆက်သစ်များ၊ နောင်လာနောက်သားများအတွက် အနာဂတ်ကောင်းကို ဖန်တီးပေးနိုင်ရမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်မီမီဝင်းနှင့် ပညာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ကောလိပ်အတွင်း အသစ်ဆောက်လုပ်လျက်ရှိသည့် သုံးထပ်ပင်မစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ကောလိပ်အတွက် လိုအပ်ချက်များကိုတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အသစ်ဆောက်လုပ်ထားရှိသည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

- ❖ **ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ကျောက်ဖြူရေနက်ဆိပ်ကမ်းကို ပြည်ပကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်**
- ❖ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသတစ်ခုချင်းစီအလိုက် ၎င်းဒေသနှင့် ကိုက်ညီနိုင်မည့်စီးပွားရေးလုပ်ငန်းများကို ရေတိုရေရှည်တွက်ချက် ဘက်ပေါင်းစုံမှ တွက်ချက်စဉ်းစားဆောင်ရွက်ကြရခြင်းဖြစ်**
- ❖ **ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းကို ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အတွက် အဘက်ဘက်မှ ကြည့်ရှုစဉ်းစားပြီး အောင်မြင်အောင် ဆောင်ရွက်ရမည်**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ မြို့ရေပေးဝေရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ မြို့ရေပေးဝေရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့ရေပေးဝေရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့ရေပေးဝေရေး ကန်တော်ကြီးနှင့် ရေစုကန်အစုအဖွဲ့နေရာသို့ ရောက်ရှိကြရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကျော်မိုးနှင့် တာဝန်ရှိသူများက စစ်တွေမြို့အတွင်းရှိ ပြည်သူများ၏ နေ့စဉ်နှင့် နှစ်စဉ်ပျမ်းမျှသုံးရေလိုအပ်ချက် ပမာဏ၊ သုံးရေလိုအပ်ချက်အတွက် ကန်တော်ကြီးနှင့် ရေစုကန်အစုအဖွဲ့၊ ဆတ်ရိုးကျ ရေစုကန်အစုအဖွဲ့တို့ဖြင့် မိုးရေကိုသိုလှောင်၍ ရေပေးဝေရေး ဆောင်ရွက်လျက်ရှိမှု၊ နှစ်စဉ် မိုးရွာသွန်းမှု အခြေအနေများနှင့် ရေသိုလှောင်နိုင်မှု၊ ၂၀၁၇ ခုနှစ်မှစ၍ မိုးရေချိန်ရရှိမှုနည်းလာခြင်း၊ မြို့နေလူဦးရေ တိုးပွားလာခြင်းတို့ကြောင့် ရေပေးဝေရေးတွင် လိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိမှုနှင့် ရေလှောင်ကန်တိုးချဲ့ခြင်းနှင့် ရေစုကန်များအတွင်းသို့ ခမီကြိမ်ချောင်းရေလှောင်တမံမှ ရေသွယ်တန်းဖြည့်တင်းခြင်း နည်းလမ်းအပါအဝင် အခြားနည်းများဖြင့် ရေရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးနှင့် တာဝန်ရှိသူများက စစ်တွေမြို့ မြို့ရေပေးဝေရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နေပြည်သူလူထုတို့၏ နေ့စဉ်သုံးရေလိုအပ်ချက်ပမာဏကို ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေချိုကို သိုလှောင်၍ ဖြန့်ဖြူးပေးသည့် နည်းလမ်းအပြင် ဒေသတွင်းရှိ ရေငန်ကို ရေချိုသုံးရေအဖြစ် ပြောင်းလဲ အသုံးပြုနိုင်မည့် နည်းလမ်းများကိုလည်း စဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့ပတ်ဝန်းကျင်ကို မထိခိုက်စေနိုင်မည့် မြို့၏မြောက်ဘက်ခြမ်းတွင် မြေအောက်ရေ ထုတ်ယူသုံးစွဲနိုင်ရေး ဆန်းစစ်သုတေသနပြု တိုင်းတာခြင်းကို အမြန်ဆုံးဆောင်ရွက်၍ ပြန်လည်တင်ပြရန်လိုကြောင်း၊ မြေအောက်ရေကို လုံလောက်စွာထုတ်ယူသုံးစွဲနိုင်မည့် အခြေအနေရှိပါကလည်း လောင်စာဆီအသုံးပြု၍ ရေတင်ခြင်းထက် လျှပ်စစ်ဖြင့် ရေတင်ခြင်း၊ ဆိုလာစွမ်းအင်သုံးလျှပ်စစ်ဖြင့် ရေတင်ခြင်းတို့ ဆောင်ရွက်နိုင်ရေး တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း။

**မဖြစ်မနေ ဆောင်ရွက်ရမည်**

လက်ရှိ ကန်တော်ကြီးရေစုကန်၏ သန့်ရှင်းသပ်ရပ်မှုနှင့် ကြံ့ခိုင်မှုတို့ကို ပြန်လည်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေစုကန်များ သတ်မှတ်ပမာဏအထိ ရေစုဆောင်းနိုင်မှုမရှိခြင်းသည် မိုးရေချိန်လုံလောက်စွာရရှိမှု မရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ဒေသအတွင်းရှိ သစ်တောသယံဇာတများကို အလွန်အမင်း ထုတ်ယူသုံးစွဲခြင်းသည် ရာသီဥတုဖောက်ပြန်ခြင်း၊ မိုးရွာရက်နည်းခြင်းနှင့် သဘာဝဘေး အန္တရာယ်တို့ကို ဖြစ်ပေါ်စေနိုင်သဖြင့် ဒေသအတွက်အကျိုးရှိသည့် လမုပင်အပါအဝင် သစ်တောသစ်ပင်စိုက်ပျိုးခြင်းများကို မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဒေသတွင်း၌ သစ်ပင်သစ်တောများ များပြားစွာရှိမှသာလျှင်ရေငွေ့ကို ထိန်းနိုင်မည်ဖြစ်ပြီး မိုးရေချိန်သည်လည်း များပြားစွာရရှိနိုင်မည်ဖြစ်သည့်အတွက် ဒေသအကျိုးကို ရေရှည်ကြည့်၍ စဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေစုကန်များကို ကြည့်ရှုပြီး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရေးနှင့် ဒေသ၏ သုံးရေလိုအပ်ချက်ကို ပြည့်မီအောင် ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **မြို့နေပြည်သူလူထုတို့၏ နေ့စဉ်သုံးရေလိုအပ်ချက်ပမာဏကို ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးရမည်**

☆ **ရေချိုကိုသိုလှောင်၍ ဖြန့်ဖြူးပေးသည့် နည်းလမ်းအပြင် ဒေသတွင်းရှိ ရေငန်ကို ရေချိုသုံးရေအဖြစ် ပြောင်းလဲအသုံးပြုနိုင်မည့် နည်းလမ်းများကိုလည်း စဉ်းစားဆောင်ရွက်ကြရမည်**

❖ ကျောဖုံးမှ

ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် (၂၀၂၂-၂၀၂၃) ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံး (အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပွဲစဉ်တွင် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကြပြီး ပွဲကစားချိန် ခုနစ်မိနစ်တွင် ရန်ကုန်ဇုန်အသင်းက အဖွင့်ဂိုးဦးဆောင် သွင်းယူနိုင်ခဲ့သော်လည်း ပုသိမ်ဇုန်အသင်းက ပွဲကစားချိန် ၃၃ မိနစ်တွင် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။

ယင်းနောက် ဒုတိယပိုင်းကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲကစားချိန် ၆၁ မိနစ်တွင် ရန်ကုန်ဇုန်အသင်းက ဒုတိယဦးဆောင် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၇၁ မိနစ်တွင် ပုသိမ်ဇုန်အသင်းက ချေပဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ဒုတိယပိုင်း ပွဲပြီးဆုံးချိန်အထိ တစ်ဖက်နှစ်ဂိုးစီရရှိခဲ့ကြသည်။

ထို့နောက် အချိန်ပိုယှဉ်ပြိုင်ကစားကြရာ ပုသိမ်ဇုန်အသင်းက အချိန်ပို ၇ မိနစ် ၃၄ စက္ကန့်တွင် တတိယဂိုးကို သွင်းယူနိုင်ခဲ့သော်လည်း ရန်ကုန်ဇုန်အသင်းက ပွဲကစားချိန် ၁၃ မိနစ် ၅၀ စက္ကန့်တွင် ပင်နယ်တီမှတစ်ဆင့်ချေပဂိုး သွင်းယူခဲ့သဖြင့် တစ်ဖက် သုံးဂိုးစီ ရရှိကြသည်။

ဆက်လက်၍ ပင်နယ်တီ ငါးလုံး အဆုံးအဖြတ်ရယူရာ ရန်ကုန်ဇုန်အသင်းက လေးဂိုးနှင့် ပုသိမ်ဇုန် အသင်းက သုံးဂိုးသွင်းယူနိုင်ခဲ့သဖြင့် ရန်ကုန်ဇုန်အသင်းက စုစုပေါင်း ခုနစ်ဂိုး ခြောက်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အကောင်းဆုံးဂိုးသမားဆုရရှိသည့် ပုသိမ်ဇုန်အသင်းမှ ဂိုးသမားဟိန်းထက်ကိုကို၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အကောင်းဆုံး နောက်တန်းအားကစားသမားဆု ရရှိသည့် မော်လမြိုင်ဇုန်အသင်းမှ ဆန်းပြည့်စုံစိုး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော်က အကောင်းဆုံး အလယ်တန်း အားကစားသမားဆုရရှိသည့် ရန်ကုန်ဇုန်အသင်းမှ အောင်နိုင်စိုး၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဝင် ခွန်စံလွင်က အကောင်းဆုံးရှေ့တန်း အားကစားသမားဆုရရှိသည့် မကွေးဇုန်အသင်းမှ ရဲရင့်မောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်းက ဂိုးသွင်းအများဆုံး အားကစားသမားဆုရရှိသည့် ရန်ကုန်ဇုန်အသင်းမှ လှိုင်ဘွား၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသည့် ရန်ကုန်ဇုန်အသင်းမှ နေစိုးလင်းတို့ကို တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က တတိယဆုရရှိသော မော်လမြိုင်ဇုန်အသင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်းက ဒုတိယဆုရရှိသော ပုသိမ်ဇုန်အသင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆုရရှိသည့် ရန်ကုန်ဇုန်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပထမဆုရရှိသည့် ရန်ကုန်ဇုန်အသင်းကို ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယခုကျင်းပခဲ့သည့် ဘောလုံးပြိုင်ပွဲသည် အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များကို အောက်မြန်မာပြည်ဇုန်လေးခုနှင့် အထက်မြန်မာပြည်ဇုန်လေးခုသတ်မှတ်၍ လူရွေးပွဲများကို သက်ဆိုင်ရာဇုန်အလိုက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပထမဆုရရှိသည့် ရန်ကုန်ဇုန်အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပထမဆုရရှိသည့် ရန်ကုန်ဇုန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း ဂိုးသွင်း အများဆုံး အားကစားသမားဆုရရှိသည့် ရန်ကုန်ဇုန်အသင်းမှ လှိုင်ဘွားအား တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ခွန်စံလွင် အကောင်းဆုံး ရှေ့တန်း အားကစားသမားဆုရရှိသည့် မကွေးဇုန်အသင်းမှ ရဲရင့်မောင်အား တစ်ဦးချင်း အကောင်းဆုံး ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်ဦးရန်ကျော် အကောင်းဆုံး အလယ်တန်း အားကစားသမားဆုရရှိသည့် ရန်ကုန်ဇုန်အသင်းမှ အောင်နိုင်စိုးအား တစ်ဦးချင်း အကောင်းဆုံး ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



# အင္ဂမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး (ပထမနေ့)ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

အင္ဂမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမ အစည်းအဝေး (ပထမနေ့) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။



အင္ဂမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး (ပထမနေ့) ကျင်းပစဉ်။

အစည်းအဝေး မစတင်မီ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများကို နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာ ဘိဝံသက အခမ်းအနားမှူးဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော ဆရာတော်အားလုံးက **"သာသနဿ စ လောကဿ ဝုဍ္ဍိ ဘဝတု သဗ္ဗဒါ"** အစချီသော ၂ ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြပြီး နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒ ကထာများကို နာယူကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသက သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(သာရဏီယ ဩဝါဒကထာ အပြည့်အစုံကို စာမျက်နှာ ၉ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ၁၃၈၃ ခုနှစ်၊ တပေါင်းလမှ ၁၃၈၄ ခုနှစ်၊ တပေါင်းလအထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ် တင်မြှောက်ခြင်းခံရသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ စန္ဒဝံသာလင်္ကာရာဘိဝံသက တင်သွင်းလျှောက်ထားသည်။

မွန်းလွဲပိုင်းတွင် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာ ဘိဝံသက လည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရက လည်းကောင်း ပညာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရကလည်းကောင်း ဖတ်ကြားတင်သွင်းပြီး ပထမနေ့အစည်းအဝေးကို ရပ်နားလိုက်သည်။

ယနေ့ အစည်းအဝေးသို့ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူသော Most Venerable Prof. Kumburugamuwe Vajira Mahathera ဦးဆောင်သည့် သီရိလင်္ကာနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ဆရာတော်ကြီး သုံးပါးနှင့်အဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး JANAKA PRIYANTHA BANDARA တို့ လေ့လာတက်ရောက် ကြည်ညိုခဲ့ကြကြောင်းနှင့် အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော ဆရာတော်များကို တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင်ဇနီး ဒေါ်ပါးပါးစန္ဒီပရဆေးမိသားစု၊ အမှတ် ၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ ပညာသင်ဆု ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် China Foundation for Rural Development မှ Paukphaw ပညာသင်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်ပညာရေးတက္ကသိုလ် Seminar Room ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (သင်ကြား+IR)၊ China Foundation for Rural Development မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ စီမံရေးရာ၊ ဘဏ္ဍာ၊ သင်တန်းရေးရာဌာနမှူးများ၊ ပါမောက္ခ (ဌာနမှူး) များ၊ ပါမောက္ခများ၊ မော်ကွန်းထိန်းနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာညိုညိုလွင်က ကျောင်းသား ကျောင်းသူများကို Paukphaw ပညာသင်ဆု ပေးအပ်ချီးမြှင့်ပေးပါသော China Foundation for Rural Development မှ တာဝန်ရှိပုဂ္ဂိုလ်များကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် ဝမ်းသာကြည်နူးမိပါကြောင်းနှင့် ကျောင်းသား ကျောင်းသူများကို ပညာသင်ဆုချီးမြှင့်ငွေကို မိမိတို့ပညာရေးအတွက် အကျိုးရှိစွာ အသုံးပြုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် China Foundation for Rural Development, Myanmar Office မှ ဒေါ်ဆောင်းနှင်းပွင့်က Paukphaw ပညာသင်ဆု ပေးအပ်ချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်များကို ကျောင်းသား ကျောင်းသူများကို ရှင်းလင်းပြောကြားပြီး Paukphaw ပညာသင်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ကို တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီ ချီးမြှင့်သည်။

ယင်းနောက် Paukphaw ပညာသင်ဆုရရှိသည့် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၂၀၀ ကိုယ်စား ကျောင်းသား ကျောင်းသူ နှစ်ဦးတို့က China Foundation for Rural Development ကို ကျေးဇူးတင်စကားပြောကြားပြီး မိမိတို့ရရှိသည့် Paukphaw ပညာသင်ဆု ချီးမြှင့်ငွေကို မိမိတို့ပညာရေးအတွက် အကျိုးရှိစွာအသုံးပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[ ၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် (၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်) အင်္ဂါနေ့]



အစည်းအဝေးသဘာပတိဥက္ကဋ္ဌ ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) အဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး(ပထမနေ့)တွင် အစည်းအဝေးအဖွင့် သာရဏီယဩဝါဒကထာ ချီးမြှင့်တော်မူစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့မှ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော ဦးတည်ချက်ဖြင့် ကြွရောက်တော်မူလာကြကုန်သော သာသနာ့ဦးသျှောင်ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

**“မမ သီသာဗာခံ မမ ဥဒရာဗာခန္တိ၊ ကိစ္စံ ရောဂံ အနုပဒိသိတွာ ”** ဟူသော သာသနာ့အာဇာနည် မဟာထေရ်အရှင်မြတ်တို့၏ ခံယူချက်အတိုင်း ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကို ရှုငဲ့တော်မမူကြဘဲ **“သမဏကိစ္စတော အညံ ကိစ္စာနိ၊ အစ္ဆပေက္ခိတွာ ပိဋ္ဌိ ကတွာ”** ဟူသော သာသနာ့အာဇာနည် မဟာထေရ် အရှင်မြတ်တို့၏ ကျင့်ထုံးကို နှလုံးမူလျက် ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို လျစ်လျူရှုကာ သာသနာတော်အရေးကိစ္စကိုသာ အလေးဂရုပြု၍ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်မြတ်တို့၏ သာသနာ့စိတ်ဓာတ်ကို လေးမြတ်ကြည်ညိုလျက် သာသနာတော်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

သုံးလောကထွတ်ထားသဗ္ဗညုရှင်တော်မြတ်ဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီ၊ စာဂ၊ စရိယတို့ကို ပြည့်ဝအောင် ဖြည့်ကျင့်ဆည်းပူးတော်မူ၍ ရရှိတော်မူခဲ့သော သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါများ၏ အကျိုးစီးပွားအလို့ငှာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့ပါသည်ဘုရား။ ထိုတည်ထောင်အပ်ပြီးသော သာသနာတော်မြတ်ကြီးကို အခွန့်ရှည်ကြာစွာ တည်တံ့အောင် လက်ဆင့်ကမ်းထမ်းဆောင်နိုင်ကြမည့် ပဉ္စဝဂ္ဂီငါးပါးတို့နှင့်တကွ အရှင်သာရိ ပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်ဥပါလိ စသော သာဝကတို့ကို ရဟန်းပြုပေးတော်မူလျက် သံဃာ့အဖွဲ့အစည်းကြီးကိုလည်း ဖွဲ့စည်းတည်ထောင်တော်မူခဲ့ပါသည်ဘုရား။

ထိုသံဃာ့အဖွဲ့အစည်းဝင် အရှင်မြတ်တို့သည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီးကို ဘုရားရှင်လက်ထက်တော်မှစ၍ လက်ဆင့်ကမ်းထမ်းဆောင်တော်မူလာခဲ့ကြရာ ယခုမျက်မှောက်ခေတ်တိုင်အောင် နှစ်ပေါင်း(၂၅၆၆)နှစ်သို့ ရောက်ရှိခဲ့ပါပြီဘုရား၊ ထိုသို့ (၂၅၆၆)နှစ်ဟူသော ခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ရသည့် ဗုဒ္ဓသာသနာတော်ကြီးသည် **“ခေါက်ရှာ ငှက်ပျံ၊ ခင်ပုပ်ပျံနှင့်၊ ဘုတ်ပျံ ရှူးပျံ၊ လောကခံဟု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ၊ မမြဲစွာတည့်”** ဟူသော မန်လည်ဆရာတော်ကြီး၏ လင်္ကာဆောင်ပုဒ်အတိုင်း မြင့်ချည်တစ်ခါ နိမ့်ချည်တစ်လှည့်ဖြင့် အလှည့်အပြောင်း, အတက်အကျရှိခဲ့ပါသည်ဘုရား။ ဖြောင့်ဖြူးသာယာသည့် ခရီးချောကိုသာ လျှောက်လှမ်းခဲ့ရသည်မဟုတ်ဘဲ ဝိတဏ္ဍာဘေး ရှုပ်ထွေး ထူပြော မချောမမွေ့သည့် ခရီးကြမ်းကြီးများကိုလည်း လျှောက်လှမ်းခဲ့ရပါသည်ဘုရား။

သာသနာတော်သမိုင်းတွင် ရဟန်း၊ သာမဏေများ သမဏသညာ ကင်းမဲ့ကာ ဝိနည်းသိက္ခာပုဒ်တော်များကို လေးလေးစားစား မကျင့်သုံးတော့ဘဲ မိစ္ဆာဇီဝ အနေသနအမှုတို့ကို ပြုလုပ်ခြင်း၊ လူပြိန်းကြိုက် အဓမ္မဝါဒများကို ဟောပြောကြလျက် သာသနာ့စင်ပြိုင် အဖွဲ့အစည်းများ တည်ထောင်ခြင်းစသည့် သာသနာ့အန္တရာယ်များ ပေါ်ပေါက်၍ သာသနာတော် ညှိုးမှိန်ခဲ့ခြင်းများ ကြုံတွေ့ခဲ့ရပါသည်ဘုရား။ ထိုသို့သော သာသနပစ္စတ္ထိက သာသနာ့အန္တရာယ်များကို ဖယ်ရှားသုတ်သင်၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်လာပါသည်ဘုရား။ သို့ဖြစ်ရာ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီး၊ ဂိုဏ်းအသီးသီးတို့မှ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများသည် နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုကိုရယူလျက် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကျင်းပကာ **“သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ”** ကို အတည်ပြုတော်မူကြပြီး ယင်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကွက်၊ ကျေးရွာအဆင့်မှ နိုင်ငံတော်အဆင့်အထိ သံဃာ့ဝန်ဆောင်၊ သံဃနာယက အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်း၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆောင်ရွက်လာခဲ့ကြသည်ကို ဆရာတော်များ သိတော်မူကြပြီးဖြစ်ပါသည်ဘုရား။

**“ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု”** (ဝိ၊ ဋ္ဌ၊ ၁၊ နှာ ၁၁)(ခုဒ္ဒကပါဌ၊ ဋ္ဌ၊ နှာ၈၂)ဟူသော အဋ္ဌကထာများအရ ဝိနည်းသည် မြတ်စွာဘုရား သာသနာတော်၏ အသက်ဖြစ်သကဲ့သို့ သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများသည်လည်း သံဃာ့အဖွဲ့အစည်းကြီး ကျစ်လျစ်စွာ တည်တံ့ရေးအတွက် အသက်သွေးကြောပင်ဖြစ်ပါသည် ဘုရား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းသည် သာမညမည်ကာမတ္တ ရေးဆွဲပြဋ္ဌာန်းထားသော စည်းမျဉ်းမဟုတ်ကြောင်း လျှောက်ထားလိုပါသည်ဘုရား။ ယင်းစည်းမျဉ်းကို ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ၁၃၄၂ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် (၂၅-၅-၁၉၈၀) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်ဘုရား။ သံဃာ့ကိစ္စဖြစ်သည့် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များကို ဆောင်ရွက်ရာ၌ တွေ့ကြုံလာရသည့် ပြဿနာရပ်များကို အဆင်ပြေချောမွေ့စွာ ဖြေရှင်းနိုင်ရေးအတွက် ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်ကို ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ၁၃၄၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် (၂၉-၅-၁၉၈၅)ရက်နေ့တွင် ပြင်ဆင်၍ အတည်ပြုနိုင်ခဲ့ပါသည်ဘုရား။ ရပ်/ကျေး သံဃနာယကအဖွဲ့၊ ကျေးရွာအုပ်စု သံဃနာယက အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်ကို တတိယအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ၁၃၅၁ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်(၈-၃-၁၉၉၀)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်ဘုရား။ သံဃာ့ကိစ္စများဆောင်ရွက်ရာ၌ အခြေအနေ အချိန်အခါအရ လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရန် တတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်ကို စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးက ၁၃၅၆ ခုနှစ်၊ တပေါင်းလဆန်း (၁၁)ရက် (၁၁-၃-၁၉၉၅)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါသည်ဘုရား။ ဘုရားရှင်သော်မှ အနုပညတ်သဘောဖြင့် အရာဌာနအားလျော်စွာ ပြင်ဆင်ဖြည့်စွက်ရိုးဖြစ်ရာ သက်တမ်းကြာရှည်သည့် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး တည်တံ့ခိုင်မြဲစေရန် သံဃာ့ဆန္ဒနှင့်အညီ လောကကြောင်း၊ ဓမ္မကြောင်း မတိမ်းစောင်းစေဘဲ စတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်များကို ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့် (၁၃-၅-၂၀၁၄) ရက်နေ့တွင် ပြင်ဆင်ဖြည့်စွက်အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ဤသို့ သက်တမ်းရှည်ကြာ အချိန်ယူကာ အတည်ပြုပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း တည်မြဲနေသမျှ ကာလပတ်လုံး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးမှစ၍ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့အထိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်လည်း မယိုင်မလဲ တည်မြဲနေမည်သာ ဖြစ်ပါသည်ဘုရား။ ထိုသို့သော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၌ ပြဋ္ဌာန်းထားသော မိမိတို့ဆိုင်ရာလုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နေပါက ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးသည်လည်း တည်တံ့နေမည်သာဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ဘုရားရှင်ကိုယ်တော်မြတ်က **“န ခေါ ကဿပ ပထဝီဓာတု သဒ္ဓမ္မံ အန္တရ ဓာပေတိ၊ န အာပေါဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န တေဇောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န ဝါယောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ အထ ခေါ ဣဓေဝ တေ ဥပ္ပဇ္ဇန္တိ မောဃပုရိသာ ယေ ဣမံ သဒ္ဓမ္မံ အန္တရဓာပေန္တိ။ သေယျထာပိ ကဿပ နာဝါ အာဒိကေနေဝ ဩပိလဝတိ၊ န ခေါ ကဿပ ဇဝံ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ”** ဟု (သံ၊ ၂၊ ၄၂၃) တွင် ဟောတော်မူခဲ့ပါသည်ဘုရား။ အဓိပ္ပာယ်အကျယ်အားဖြင့် ဘုရားရှင်၏ သာသနာတော်သုံးရပ်သည် ဓာတ်လေးပါးပျက်ခြင်းကြောင့် ကွယ်ပျောက်ရသည်မဟုတ်ပေ။ သာသနာအတွင်းမှာဖြစ်ကြသည့် (သာသနာ့အတွင်းသား)မောဃပုရိသခေါ် ရဟန်းသာမဏေတို့ကြောင့်သာ ကွယ်ပျောက်ရသည်။ ဥပမာအားဖြင့် ဝန်တင်သောလှေသည် ဝန်ပြည့်ခြင်းကြောင့်သာ နစ်မြုပ်ရသကဲ့သို့ ဤအတူပင် ပရိယတ်စသည်ကြောင့် သာသနာတော်ကွယ်ရသည်မဟုတ်။ သာသနာ့တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်ကြဘဲ သာသနာတော်ကြီးကွယ်ပျောက်နစ်မြုပ်အောင် ဖိစီးနေကြသည့် မောဃပုရိသခေါ် သာသနာ့ဝန်စီးများကြောင့်သာ သာသနာကွယ်ပျောက်ရသည်ဟု ဟောတော်မူလိုရင်းဖြစ်ပါသည်ဘုရား။

ထို့ကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ပါဝင်တော်မူကြသော ဆရာတော် အားလုံးတို့သည် မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ကျွမ်းကျင်အောင် လေ့လာကြစေရန်၊ စိတ်ပါဝင်စားစွာဖြင့် တက်တက်ကြွကြွ ဆောင်ရွက်ချင်လာကြစေရန် နာယကသင်တန်းများပေးခြင်း၊ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားစေလိုသော စိတ်ဓာတ်များ ဖြည့်တင်းပေးခြင်းဖြင့် သံဃာ့အဖွဲ့အစည်းများ၏ အရည်အချင်းကို မြှင့်တင်ပေးသင့်ပါသည်ဘုရား။ ထို့အပြင် ဝိနည်းဓိုရ်ဆရာတော်များ၏ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှု အားနည်းခြင်းကြောင့်လည်း ဝိနိစ္ဆယဆုံးဖြတ်ချက်များ ချွတ်ယွင်းခြင်း၊ ပီပြင်မှုမရှိခြင်း၊ မူလပျက်ဖြစ်ခြင်းစသည်များ ကြုံတွေ့နေရသဖြင့် ဝိနည်းဓိုရ် ဆရာတော်များအားလည်း ဝိနည်းဓိုရ်သင်တန်းများပေး၍ အရည်အသွေးမြှင့်တင်သင့်ပါသည်ဘုရား။ နိုင်ငံတော်မှစ၍ ရပ်/ကျေးအထိ သံဃာ့အဖွဲ့အစည်းများ ကျစ်လျစ်စွာ တည်တံ့ခိုင်မြဲအောင် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၌ ပျော့ကွက်ဟာကွက် လိုအပ်ချက်များကို လေ့လာစိစစ်၍ ဖြည့်စွက်ပြင်ဆင် ဖြုတ်ပယ်သင့်သည်များကို ဖြည့်စွက်ပြင်ဆင် ဖြုတ်ပယ်လျက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ပိုမိုကျစ်လျစ် ခိုင်မာသေသပ်စွာ တည်တံ့နိုင်အောင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းလိုပါသည်ဘုရား။

ဤသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကူအညီကိုရယူလျက် အထက်အဖွဲ့အစည်းများနှင့် အောက်အဖွဲ့အစည်းတို့ ညီညီညွတ်ညွတ်တိုင်ပင် ညှိနှိုင်းပြီးလျှင် မျက်ခြည်မပြတ်သတိချပ်လျက် တက်ကြွလက်တွဲဆောင်ရွက်ကြပါက သာသနာတော် သန့်ရှင်းတည်တံ့ရေးလုပ်ငန်းဆောင်ရွက်ချက်များ အောင်မြင်ပြီးမြောက်မည်ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စရပ်များ ဆောင်ရွက်ကြရာတွင် တက်တက်ကြွကြွ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူနိုင်ကြပါစေကြောင်း တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

# ဒေသထွက်ကုန်များကို အခြေခံပြီး တန်ဖိုးမြှင့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေး သင်တန်းများ ပို့ချဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

**မှာကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားရေးတို့အတွက် စီးပွားရေးအထောက်အကူပြု စိုက်ပျိုးမွေးမြူရေးအခြေခံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး MSME လုပ်ငန်းများ အောင်မြင်ရေး မိမိတို့ဝန်ကြီးဌာနမှ တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသထွက်ကုန်များကို အခြေခံပြီး တန်ဖိုးမြှင့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေး သင်တန်းများ ပို့ချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သင်တန်းအောင်မြင်ပြီး ထူးချွန်သင်တန်းသားများအတွက် လိုအပ်သည့် အရင်းအနှီး၊ နည်းပညာများ ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသကဲ့သို့ ကျေးလက်ရေရရှိရေး၊ မီးလင်းရေး၊ လမ်း၊ တံတားများ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိဦးစီးဌာနနှင့်သာ သက်ဆိုင်သည်ဟု သဘောမထားဘဲ ဦးစီးဌာန လေးခုလုံး ပူးပေါင်းချိတ်ဆက် ဆောင်ရွက်မှသာ ပိုမိုထိရောက်မြန်ဆန် အောင်မြင်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။



ယင်းနောက် ဦးစီးဌာနများမှ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရန်၊ သီးထပ်စိုက်ပျိုးနိုင်သော နေရာဒေသများတွင် ယာယီချောင်းပိတ်၊ မြောင်းပိတ်၊ ဆိုလာပန့်များဖြင့် ရေရရှိရေး ဆောင်ရွက်ရန်၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး MSME လုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ပြည်သူများ ထင်သာမြင်သာရှိစေရေး ဝန်ထမ်းများက အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြရမည်ဖြစ်ပြီး အမှန်တကယ် အလုပ်လုပ်လိုသူများဖြင့်သာ သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ကြရန်၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်မှာကြားကာ ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြန်ကြားရေး ဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့် လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body–BGB) အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးရုံးတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကား ပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော မီဒီယာများ ဖြစ်သည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် မီဒီယာအပိုင်းမှ ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးရေး၊ ထုတ်လွှင့်ပြသမှု အစီအစဉ်များတွင် အမှားအယွင်း မပါရှိအောင် ကြပ်မတ်စစ်ဆေး ဂရုစိုက်ဆောင်ရွက်ရေး၊ အခပေး ရုပ်သံလိုင်းများအနေဖြင့် ပြသမည်ဟု ကြေညာပြီး ပြသထုတ်လွှင့်ခြင်း မပြုနိုင်ပါက ကြည့်ရှုသူများမှ သတင်းပို့ တိုင်ကြားမှုများ ရှိလာနိုင်သဖြင့် တာဝန်ရှိသည့် ကုမ္ပဏီများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပြည်သူကို ပြန်လည်အသိပေး ပြန်ကြားပေးရေးနှင့် ဝန်ဆောင်မှု ကောင်းမွန်စေရေး၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ၊ လျှပ်စစ်ဓာတ်အားခနှင့် စာချုပ်ပါ ပေးသွင်းရမည့် ဝန်ဆောင်မှုစရိတ်များကို အချိန်မီပေးသွင်းရေး၊ ကုမ္ပဏီများမှ နိုင်ငံခြားသား ဝန်ထမ်းများ၏ ပြည်တွင်းနေထိုင်မှုနှင့် ဗီဇာကိစ္စများတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရေးတို့ကို ဆွေးနွေးမှာကြားပြီး တက်ရောက် လာသူများ၏ ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ရုပ်မြင်သံကြားနှင့် အသံလွှင့် လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော ရုပ်သံလွှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စုစုပေါင်း ၂၁ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို နှစ်လတစ်ကြိမ်ပြုလုပ်ကာ ရုပ်သံထုတ်လွှင့်ခြင်း လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ခြင်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ခြင်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

**လိုက်နာဆောင်ရွက်ရန် တာဝန်ရှိ**

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွှန့်အောင်က မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုန်သွယ်မှုနှင့်ဆက်စပ်သော မူပိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ်ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံများအကြား မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကိုလည်း ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဒေသတွင်းနိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်စည်စီးဆင်းမှုများ တိုးတက်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်သည့် မူပိုင်ခွင့်စနစ်များကို ဖော်ဆောင်ကျင့်သုံးနေကြသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အခြားသောအဖွဲ့ဝင်နိုင်ငံများ နည်းတူ မူပိုင်ခွင့်ဥပဒေများကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပြီး မူပိုင်ခွင့် အကာအကွယ်ပေးသည့် စနစ်တစ်ရပ် တည်ထောင်နိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေ (၄) ခုအနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကို မကြာခင်ကာလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည့်အတွက် အဓိကတာဝန်ယူရသော ဌာနများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်သောဌာနများမှ ကိုယ်စားလှယ်များအား အသိပညာ၊ ဗဟုသုတများ တိုးပွားစေပြီး လုပ်ငန်းချောမွေ့စေရန်အတွက် ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

မကြာခင်ကာလတွင် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များ အသိပညာ၊ ဗဟုသုတများ တိုးပွားစေရန်အတွက် ရန်ကုန်မြို့၊ မန္တလေးမြို့စသည့် မြို့ကြီးများတွင်လည်း ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ယခုဆွေးနွေးပွဲသို့ ကိုယ်စားလှယ် စုစုပေါင်း ၁၈၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ်(၁၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ အလံပုံစံ**



**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃင်္န်းကျွန်းခရိုင်၊ သဃင်္န်းကျွန်းမြို့နယ်၊ ဧ/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ခြံအမှတ်(၇၂)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားဒီမိုကရေစီပါတီသစ်**
**(NEW NATIONAL DEMOCRACY PARTY)၏ အလံပုံစံ**



**အမျိုးသားဒီမိုကရေစီပါတီသစ်**
**(NEW NATIONAL DEMOCRACY PARTY)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အပိုင်း(၁)၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ၊ ရွှေအင်ကြင်းလမ်း၊ အခန်း(၁၀၅)၊ တိုက်(၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၏ အလံပုံစံ**



ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ ချီဖွေခရိုင်၊ ချီဖွေမြို့နယ်၊ ပန်ဝါမြို့၊ ချန်းမော အိမ်ရာ(၁၇)၊ အမှတ်(၃)ရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီပါတီသစ် (ကချင်)[New Democracy Party (Kachin)] [N.D.P(Kachin)]** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရေစီပါတီသစ်(ကချင်)[New Democracy Party(Kachin)] [N.D.P(Kachin)]၏ အလံပုံစံ**



**ဒီမိုကရေစီပါတီသစ် (ကချင်)[New Democracy Party(Kachin)] [N.D.P(Kachin)]၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ရတနာဒီပ၊ ငုရွှေဝါလမ်းနှင့် အင်ကြင်း(၂)လမ်းထောင့်တွင် ပါတီရုံးချုပ်တည်ရှိသော **ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



**ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားပြတိုက်(ရန်ကုန်) ခေတ္တပိတ်ထားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အမျိုးသားပြတိုက်(ရန်ကုန်)၏ လျှပ်စစ်မီးလိုင်းများ သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းကို မတ် ၂ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း ပြတိုက်အားခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိတင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေနှစ်စီးဖြင့် နှာခေါင်းစည်း Mask ၁၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

စာအုပ်စာပေ လူ့မိတ်ဆွေ

# လူမှုရေးပညာမဟာဌာန ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

လူမှုရေးပညာမဟာဌာန (Faculty of Social Work) ဖွဲ့စည်းတည်ထောင်ပြီး လူမှုရေးပညာဘွဲ့ ဒီဂရီပေးအပ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လူမှုရေးပညာဘာသာရပ် ပထမနှစ်သင်တန်း စတင်ဖွင့်လှစ်မည်ဖြစ်ပြီး လူမှုရေးပညာဘွဲ့ (Bachelor of Social Work) ပေးအပ်သွားမည်ဖြစ်သည့်အတွက် အဓိကကျသော ပထမနှစ်သင်ရိုးညွှန်းတမ်း အတည်ပြုသတ်မှတ်ပေးနိုင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြောကြားသည်။



လူမှုရေးပညာမဟာဌာန ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးလုပ်ငန်း ကော်မတီ (တတိယအကြိမ်)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူမှုရေးပညာဘွဲ့ ဖွင့်လှစ်သင်ကြားပေးနိုင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုဝန်ထမ်းလုပ်ငန်းများနှင့် လူမှုရေးဝန်ဆောင်မှုများ ထိရောက်စွာဆောင်ရွက်နိုင်ရေး လိုအပ်ချက်(Demand Side)အတွက်နှင့် ပညာရေးစနစ်မှ လူမှုရေးပညာရပ် ကျွမ်းကျင်လူသားရင်းမြစ်များ ဖြည့်တင်းမွေးထုတ်ပေးနိုင်ရေး (Supply Side) အတွက် ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သင်တန်းဖွင့်လှစ်ပြီးပါက Naypyitaw State Academy တွင် လူမှုရေးပညာဘွဲ့ စတင်ပေးအပ်သွားနိုင်မည်ဖြစ်ပြီး လူမှုဝန်ထမ်းလုပ်ငန်း စိတ်ပါဝင်စားသူများအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်လာမည်ဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ရေးနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနမှ ဝန်ထမ်း ၁၉ ဦးကို အိန္ဒိယနိုင်ငံရှိ Tata Institute of Social Sciences တွင် လူမှုရေးပညာ မဟာဘွဲ့ရယူရန် ၂၀၂၂ ခုနှစ် ဩဂုတ်လမှစ၍ ပညာသင်စေလွှတ်ခဲ့ကြောင်း၊ သင်ရိုးညွှန်းတမ်းမူကြမ်းကို Tata Institute of Social Sciences မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများက Technical Advisor အဖြစ် လာရောက်ပြီး အကြံပြုသုံးသပ်ပေးခြင်းနှင့် လိုအပ်သည့်သင်တန်းများ ပို့ချပေးနိုင်ရေးအတွက် အိန္ဒိယနိုင်ငံသံရုံးနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပညာရှင်များ၊ ပြင်ပလူမှုရေးပညာရှင်များနှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ Core Team အဖွဲ့ဝင်များက သင်ရိုးညွှန်းတမ်းနှင့်ပတ်သက်ပြီး လိုအပ်မည့်အချက်များကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လူမှုရေးပညာမဟာဌာန (Faculty of Social Work) ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါးလက်မှုလုပ်ငန်းစိတ်ဝင်စားမှုတူညီရာအဖွဲ့များ(CIGs)သို့ ရန်ပုံငွေနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

(၆၁)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝါးလက်မှုလုပ်ငန်း စိတ်ဝင်စားမှု တူညီရာအဖွဲ့များ (CIGs)သို့ ရန်ပုံငွေနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။



**ရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ယခု စီမံကိန်းလုပ်ငန်းများကလည်း နေပြည်တော်ကောင်စီကို Green, Clean and Smart City ဖြစ်လာစေရေး အထောက်အကူပြုလျက်ရှိသည်ကို တွေ့ရကြောင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းပါးစေရေးအတွက် မိမိတို့နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ကျေးရွာများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်ရာတွင် ယခုစီမံကိန်းက အထောက်အကူပြုစေကြောင်း၊ နေပြည်တော် ကောင်စီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်သော စီမံကိန်း၏ ပံ့ပိုးမှုရရှိခြင်းမှတစ်ဆင့် ရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး စနစ်တကျအောင်မြင်စွာ ထုတ်လုပ်နိုင်သော ကျေးရွာများထူထောင်နိုင်ရေးနှင့် အောင်မြင်သည့် လုပ်ငန်းရှင်များ ပေါ်ထွန်းလာရေးအတွက် မှိုလုပ်ငန်းနှင့် ဝါးလက်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသည့် ကျေးရွာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဝင်ငွေနည်းပါးသူ လုပ်ကွက်ငယ်တောင်သူများ၏ ဝင်ငွေတိုးတက်ရေးအတွက် ဝါးနှင့် မှိုကုန်ချောထုတ်လုပ်ခြင်း လုပ်ငန်းများကို စုပေါင်းလုပ်ကိုင်နိုင်ရန် စိတ်ဝင်စားမှုတူညီရာအဖွဲ့ (Common Interest Groups- CIGs) များကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ မှိုစိုက်ပျိုး၊ မှိုခြောက်ထုတ်လုပ်ခြင်းလုပ်ငန်းများသည် ရာသီချိန် တိုတောင်းသည့်အတွက် လယ်ယာပြင်ပလုပ်ငန်းများကို လုပ်ကိုင်နိုင်ရေးအတွက် ဝါးလက်မှုလုပ်ငန်းများကို ပါဝင်လုပ်ကိုင်နိုင်စေရန် စိတ်ဝင်စားမှုတူညီရာအဖွဲ့ ငါးဖွဲ့ကို ထပ်မံဖွဲ့စည်းပေးခဲ့ကြောင်း၊ ယခုကဲ့သို့ ထောက်ပံ့ကူညီပေးခြင်းအားဖြင့် ကျေးရွာများတွင် ဖွဲ့စည်းထားသော စိတ်ဝင်စားမှု တူညီရာအဖွဲ့များအနေဖြင့် အသေးစား ဝါးလက်မှုလုပ်ငန်းများကို အခြေတည်၍ အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်သည်အထိ ဖွံ့ဖြိုးတိုးတက်လာရေး ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက စီမံကိန်း ရည်ရွယ်ချက်နှင့် စီမံကိန်း လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၁)ဖြင့် (၆၁) နှစ်မြောက် တောင်သူလယ်သမားနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေးအပ်ခြင်းဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က တောင်ပေါ်သာနှင့် နဒီလှိုင်း ဝါးလက်မှုလုပ်ငန်း စိတ်ဝင်စားမှု တူညီရာအဖွဲ့များသို့ လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက အနာဂတ် အလင်းတန်းနှင့် ရွှေဝါးပင် ဝါးလက်မှုလုပ်ငန်း စိတ်ဝင်စားမှုတူညီရာ အဖွဲ့များသို့လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အားမာန်သစ် ဝါးလက်မှုလုပ်ငန်း စိတ်ဝင်စားမှုတူညီရာအဖွဲ့သို့ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးက အလင်းရောင် သမဝါယမအသင်းသို့ ရန်ပုံငွေကျပ် ၁၀ သိန်းနှင့် လုပ်ငန်းသုံးပစ္စည်း ကိရိယာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ဆင်းရွှေဝါ တောင်သူအကျိုးပြု တန်ဖိုးမြင့် ကုန်ထုတ်သမဝါယမအသင်းများသို့ Vaccum Packing Machine တစ်လုံး ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းအခြေပြု အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း အခြေပြု အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ KMA Nay Pyi Taw ဟိုတယ်၌ ကျင်းပသည်။

**ပြောကြား**

အလုပ်ရုံဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံက ဒေသခံပြည်သူများ၏ ဝင်ငွေအခွင့်အလမ်း တိုးပွားစေသည့် နည်းလမ်းများစွာရှိသည့်အနက် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းနည်းစနစ်သည် ဒေသခံပြည်သူများအတွက် မြေအသုံးချခွင့် ရရှိခြင်းနှင့်အတူ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်း၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်စေခြင်းအပြင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုပါ တစ်ပြိုင်နက်တည်းရရှိစေကြောင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းနည်းစနစ် ဖွံ့ဖြိုးစေခြင်း စီမံကိန်းလုပ်ငန်းများအနေဖြင့် စီမံကိန်းဧရိယာ သုံးခုဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်နှင့် နေပြည်တော် တပ်ကုန်းမြို့နယ်တို့တွင် ဒေသခံများကိုယ်တိုင် ပါဝင်ဆောင်ရွက်မှုဖြင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းကို နမူနာပြသနိုင်မည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ ပေါ်ထွက်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းအောင်မြင်ရေးအတွက် မိမိတို့၏ ဗဟုသုတ၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို မျှဝေပြီး ရင်းနှီးပွင့်လင်းစွာ ပါဝင်ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံမှူးကြီး Minister Counseler Dr.Zheng Zhihong နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇေယျာထွန်းတို့က အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး စီမံကိန်းကို လက်တွေ့ အကောင်အထည်ဖော်နေကြသည့် တာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများက စီမံကိန်း လုပ်ငန်းအကြောင်းအရာများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေများကို လည်းကောင်း၊ စီမံကိန်းဧရိယာများရှိ အသုံးပြုသူအဖွဲ့ဥက္ကဋ္ဌများက စီမံကိန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုအတွေ့အကြုံ၊ သင်ခန်းစာများနှင့် အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

■

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။



**ဆွေးနွေး**

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပခဲ့သည့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF) ၏ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့မှု အခြေအနေများနှင့် မြန်မာနိုင်ငံ၏ သတ္တမအကြိမ် တိုးတက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည့် အချက်များအား ပြန်လည်ဆွေးနွေးသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် မတ်လဒုတိယပတ်တွင် အပြီးအကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့်အချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးတင်ပြကြရာ လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဇလွန်မြို့နယ် နေကြာ ၁၀ ဧက စံပြစိုက်ခင်းကြည့်ရှုအားပေး



ပုသိမ် ဖေဖော်ဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စုရှိ တောင်သူဦးခင်စိုး၏ Supersun–41 နေကြာ ၁၀ ဧက စံပြစိုက်ခင်းသို့ ရောက်ရှိကာ စိုက်ပျိုးဖြစ်ထွန်းနေမှုများ ကြည့်ရှုအားပေးသည်။

ထို့နောက် ဒေသခံတောင်သူများနှင့်တွေ့ဆုံခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများအနေဖြင့် ဝင်ငွေများပိုမိုရရှိရေးအတွက် တစ်သီးစိုက်ရေးယာများမှ နှစ်သီးစိုက်၊ သုံးသီးစိုက်ရေးယာများအဖြစ် ဆီထွက်သီးနှံများ၊ ငရုတ်၊ ပြောင်း၊ ပဲ သီးနှံများကို ထပ်မံစိုက်ပျိုးကြရန်၊ နေကြာသီးနှံ စိုက်ပျိုးပြီးစီး၍ ရိတ်သိမ်းပြီးစီးပါက မိုးမရွာမီကာလအတွင်း နှမ်းနှမ်းသီးနှံ ထပ်မံစိုက်ပျိုးနိုင်ရေး မှာကြားခဲ့သည်။ အဆိုပါနန်းတော်ကျွန်းကျေးရွာအုပ်စုအတွင်း အစေ့ထုတ်ပြောင်း ၁၉၇၆ ဧက၊ ဖူးစားပြောင်း ၂၃ ဧက၊ နေကြာ ၇၄၃ ဧက၊ မတ်ပဲ ၅၆၈ ဧက၊ ပဲတီစိမ်း ၁၉၅ ဧက၊ ငရုတ် ၅၃ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇလွန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံခဲ့ပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇလွန်မြို့နယ်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲတီစိမ်း စိုက်ဧက ၂၀၀၀ အား ဝယ်ယူကြိုတ်ခွဲသူ အစုအဖွဲ့အနေဖြင့် ဆောင်ရွက်သည့် ဇလွန်မြို့ ဒို့တောရွာ မျိုးစေ့နှင့် ပဲမျိုးစုံရောင်းဝယ်ရေးသို့ ရောက်ရှိ၍ ပဲတီစိမ်းစိုက်တောင်သူများမှ ပြန်လည်ပေးသွင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇလွန်မြို့နယ် ပြင်ရွာကျေးရွာအုပ်စုရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါး ဧက ၂၀၀ စံပြစိုက်ခင်းသို့ ရောက်ရှိ၍ ခဲတက်မြေသြဇာ စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက် အားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပြည်သူအများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းရေးအတွက် ကြိုးစားဆောင်ရွက်

ဘားအံ ဖေဖော်ဝါရီ ၂၈

နေပြည်တော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်ထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများ၏ (၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း က တရားစီရင်ရာတွင် ဥပဒေနှင့်အညီ အဂတိကင်းကင်းနှင့်မှန်ကန်မြန်ဆန်စွာ အဆုံးအဖြတ်ပြုလျက် ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန်၊ တရားစီရင်ရေး ငါးနှစ်မဟာဗျူဟာစီမံကိန်း (၂၀၂၃–၂၀၂၇) ၏ ပထမနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၃ ခုနှစ်) ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်သည် တရားမမှုများ စစ်ဆေးစီရင်မှုအပေါ် အထောက်အကူပြုသည်ဖြစ်၍ ယခုထက် ပိုမိုအောင်မြင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ တရားရုံးများတွင် နည်းပညာအသုံးပြု တရားစီရင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အထူးဂရုပြုလိုက်နာဆောင်ရွက်ကြရန်နှင့် နည်းပညာဗဟုသုတများရှိစေရေး မပြတ်လေ့လာဆည်းပူးကြရန် စသည့်ဖြင့် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ပြည်နယ်တရားလွှတ်တော်၊ ခရိုင်/ မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ရေဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေများဖြင့် သဲဖြူန်းလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှု စစ်ဆေး

ရပ်စောက် ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် ကျေးရွာတွင်း မြေသားလမ်းသဲဖြူန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက မားသဲကျေးရွာအုပ်စု ရေဖြူကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ရေဖြူကျေးရွာတွင် အရှည် ပေ ၄၀၀၀၊ အကျယ် ၁၂ ပေ၊ ဒု သုံးလက်မရှိ ကျေးရွာတွင်း မြေသားလမ်းသဲဖြူန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားတတ်ပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။


**ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး**

ရေဖြူကျေးရွာတွင် အဆိုပါလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ်သိန်း ၈၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၈ သိန်းဖြင့် ၂၀၂၂ ခုနှစ် မေလ စတုတ္ထပတ်မှ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၁၃၀၊ လူဦးရေ ၇၈၂ ဦးကို အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။



ဂျူ

# Online Game လောင်းကစားလုပ်ငန်း၊ Online ကံစမ်းမဲဖောက်လောင်းကစားလုပ်ငန်းနှင့် တရားမဝင် Online ချေးငွေလုပ်ငန်းလုပ်ကိုင်သူ တရားခံ အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီး ၄၇ ဦးတို့ကို လုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဘဏ်အကောင့်များနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ




**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

Online အခြေပြု လောင်းကစားလုပ်ငန်းများ၊ ကံစမ်းမဲဖောက်လုပ်ငန်းများနှင့် တရားမဝင် ချေးငွေလုပ်ငန်းလုပ်ကိုင်နေသူ ဒုစရိုက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးဆိုင်ရာအထောက်အကူပြု မှတ်တမ်းများနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကို အခြေပြု၍ စောင့်ကြည့်ကာ စုံစမ်းစစ်ဆေးဖော်ထုတ်မှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကွင်းဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက် ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် FMI CITY ငွေနှင်းဖြူသစ်ခွလမ်း အမှတ်(O–178) နေအိမ်၌ TTbet Online Game လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ မို့မို့စံ(ခ)Yuki ပါ တရားခံ ကိုးဦးကို TTbet Online Game လောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းအလုံး ၅၀၊ လက်တော့ ၂၂ လုံး၊ မော်နီတာ လေးလုံး၊ ဆင်းကတ် ၇၄၁ ကတ်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် FMI CITY ချင်းတွင်းလမ်းရှိ အိမ်အမှတ်(FG–98) ကို ထပ်မံဝင်ရောက်ရှာဖွေရာ Golden Gift (Online ကံစမ်းမဲဖောက် လောင်းကစားလုပ်ငန်း)အား စီမံခန့်ခွဲလုပ်ကိုင်သူ အောင်ဖုန်းကျော်နှင့် ကြီးကြပ်လုပ်ကိုင်သူ ထင်အောင်ကျော်(ခ)အယ်လစ်ပါ တရားခံ ၁၉ ဦးတို့ကို လက်ကိုင်ဖုန်း ၃၇ လုံး၊ လက်တော့ ၂၅ လုံး၊ မော်နီတာ သုံးလုံး၊ System Box တစ်လုံး၊ UPS တစ်လုံး၊ ကာလာပရင်တာ တစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

သတင်းဆက် ဖော်ထုတ်ချက်အရ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် FMI CITY ချင်းတွင်းလမ်းရှိ အိမ်အမှတ် (FG–95)ကို ထပ်မံဝင်ရောက်ရှာဖွေရာ TTbet Online Game လောင်းကစားလုပ်ငန်းအား ကြီးကြပ်/ စာရင်းကိုင် အဖြစ် လုပ်ကိုင်သူ အေးငြိမ်းသူနှင့် ကြီးကြပ်လုပ်ကိုင်သူ စိုင်းသီဟဇော်ပါ တရားခံ ၁၉ ဦးတို့ကို လက်တော့ ၁၁ လုံး၊ လက်ကိုင်ဖုန်း ၂၂ လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ TTbet Online Game လောင်းကစားလုပ်ငန်းနှင့် Golden Gift (Online ကံစမ်းမဲဖောက် လောင်းကစားလုပ်ငန်း)များအား ဦးစီးပြီး စီမံခန့်ခွဲလုပ်ကိုင်သူ ရန်နိုင်ကျော်(ခ)အားဖုကို ဇန်နဝါရီ ၃၀ ရက် နံနက် ၂ နာရီခွဲတွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ပန်းလှိုင်အိမ်ရာ ပန်းလှိုင်ကွန်ဒို (D) အခန်းအမှတ်(၁၀၂)၌ လက်ကိုင်ဖုန်း တစ်လုံး၊ Macbook Pro လက်တော့ တစ်လုံး၊ Macbook Air လက်တော့ တစ်လုံး၊ ယာဉ်အမှတ် YGN 6S–8888 Mercedes–Benz အမျိုးအစား **စာမျက်နှာ ၁၅ သို့** ❍

စာမျက်နှာ ၁၅ သို့



TTbet Online Game လောင်းကစားလုပ်ငန်းလုပ်ကိုင်သည့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် FMI CITY ငွေနှင်းဖြူသစ်ခွလမ်း အမှတ်(O–178) နေအိမ်မှ တရားခံ မို့မို့စံပါ ကိုးဦးနှင့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



Golden Gift (Online ကံစမ်းမဲဖောက် လောင်းကစား) လုပ်ငန်းလုပ်ကိုင်သည့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် FMI CITY ချင်းတွင်းလမ်း အမှတ်(FG–98) နေအိမ်မှ တရားခံ အောင်ဖုန်းကျော်ပါ ၁၉ ဦးနှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



TTbet Online Game လောင်းကစားလုပ်ငန်း လုပ်ကိုင်သည့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် FMI CITY ချင်းတွင်းလမ်း အမှတ်(FG–95) နေအိမ်မှ တရားခံ အေးငြိမ်းသူပါ ၁၉ ဦးနှင့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် MICT Park တိုက်အမှတ်(၉)(၄)လွှာရှိ Sky Pay Mobile Financial Services Co.,Ltd. ရုံးခန်းမှ ဖမ်းဆီးရမိသော ကုမ္ပဏီမန်နေဂျာ ကျော်ဆန်းလင်း ပါ ကျား ခုနစ်ဦး၊ မ ၁၅ ဦး စုစုပေါင်း ၂၂ ဦးနှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။





ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် MICT Park တိုက်အမှတ်(၁၇) (၄)လွှာရှိ Sky Pay Mobile Financial Services Co.,Ltd. ရုံးခန်းတွင် ဖမ်းဆီးရမိသော စာရင်းကိုင် ကျော်မျိုးအောင်နှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

❍ စာမျက်နှာ ၁၄ မှ
အနက်ရောင်ယာဉ် တစ်စီး၊ ယာဉ်အမှတ် YGN 9B–6667 Lexus အနက်ရောင် ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် တရားခံ ရန်နိုင်ကျော်(ခ)အားဖု၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၊ MICT Park၊ တိုက်အမှတ်(၉) (၄)လွှာရှိ Sky Pay Mobile Financial Services Co.,Ltd. ရုံးခန်းသို့ ဝင်ရောက်ရှာဖွေရာ Money Bag Application၊ Cash Now Application၊ Cola Kyat Application တို့ကို အသုံးပြုပြီး တရားမဝင် Online ချေးငွေလုပ်ငန်း လုပ်ကိုင်နေသည့် မန်နေဂျာ ကျော်ဆန်းလင်း(ခ)အားချန်ပါ ၂၂ ဦးတို့ကို လက်ကိုင်ဖုန်းအလုံး ၃၀၊ လက်တော့ ၅၅ လုံး၊ Desktop တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် လှိုင်မြို့နယ် MICT Park တိုက်အမှတ်(၁၇) (၄)လွှာရှိ Sky Pay Mobile Financial Services Co.,Ltd. ရုံးခန်းတွင် Money Bag Application၊ Cash Now Application၊ Cola Kyat Application၊ U Loan Application တို့ကို အသုံးပြုပြီး တရားမဝင် Online ချေးငွေလုပ်ငန်း လုပ်ကိုင်နေသည့် စာရင်းကိုင်ဖြစ်သူ ကျော်မျိုးအောင်ကို လက်တော့ ၄၉ လုံး၊ ပရင်တာ တစ်လုံး၊ ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ TTbet Online Game လောင်းကစားလုပ်ငန်း၊ Golden Gift(Online ကံစမ်းမဲဖောက်လောင်းကစားလုပ်ငန်း) နှင့် Sky Pay Mobile Financial Services Co.,Ltd. အမည်ခံကာ Money Bag Application၊ Cash Now Application၊ Cola Kyat နှင့် U Loan Application များ အသုံးပြု၍ တရားမဝင် Online ချေးငွေလုပ်ငန်းတို့ကို တရားခံ ရန်နိုင်ကျော်(ခ)အားဖုက ပိုင်ရှင်အဖြစ် စီမံခန့်ခွဲလုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး TTbet Online Game လောင်းကစားလုပ်ငန်းအား Telegram မှတစ်ဆင့် သိရှိသူ Yang Song (စိစစ်ဆဲ) နှင့်ချိတ်ဆက်၍လည်းကောင်း၊ Sky Pay Mobile Financial Services Co.,Ltd. အမည်ခံကာ Money Bag Application၊ Cash Now Application၊ Cola Kyat နှင့် U Loan Application များ အသုံးပြု၍ တရားမဝင် Online ချေးငွေလုပ်ငန်းကို Telegram မှတစ်ဆင့်သိရှိသူ Sunny (စိစစ်ဆဲ)နှင့်ချိတ်ဆက်၍လည်းကောင်း၊ Golden Gift (Online ကံစမ်းမဲဖောက် လောင်းကစားလုပ်ငန်း)ကို အစ်ကိုဖြစ်သူ အောင်ဖုန်းကျော် ဦးစီးစေ၍လည်းကောင်း လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း။




ထိုသို့ လုပ်ငန်းများ လုပ်ကိုင်ရာတွင် ကျော်ဆန်းလင်း(ခ) အားချန်သည် မန်နေဂျာအဖြစ်လည်းကောင်း၊ အေးငြိမ်းသူ(ခ)Neo သည် ကြီးကြပ်/စာရင်းကိုင်အဖြစ်လည်းကောင်း၊ မို့မို့စံ(ခ)Yuki နှင့် ကျော်မျိုးအောင်တို့သည် စာရင်းကိုင်များအဖြစ်လည်းကောင်း၊ ထင်အောင်ကျော်(ခ)အယ်လစ်နှင့် စိုင်းသီဟဇော်တို့သည် ကြီးကြပ်သူများအဖြစ် လည်းကောင်း လုပ်ကိုင်ခဲ့ကြပြီး အခြားဝန်ထမ်းများ ခန့်ထားကာ ကျူးလွန်ခဲ့ကြခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်များတွင် Online Game လောင်းကစားလုပ်ငန်း၊ Online ကံစမ်းမဲဖောက် လောင်းကစားလုပ်ငန်းနှင့် တရားမဝင် Online ချေးငွေလုပ်ငန်း လုပ်ကိုင်သည့် အမှုပေါင်း ငါးမှုမှ တရားခံ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၄၇ ဦး၊ စုစုပေါင်း ၇၁ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကာ လက်တော့ ၁၆၄ လုံး၊ လက်ကိုင်ဖုန်းအလုံး ၁၄၀၊ မော်နီတာ ခုနစ်လုံး၊ ပရင်တာ နှစ်လုံး၊ System Box တစ်လုံး၊ UPS တစ်လုံး၊ Desktop တစ်လုံး၊ ဆင်းကတ် ၇၄၁ ကတ်၊ ယာဉ်အမှတ် YGN 6S–8888 Mercedes Benz အနက်ရောင် ယာဉ်တစ်စီးနှင့် ယာဉ်အမှတ် YGN 9B–6667 Lexus အနက်ရောင် ယာဉ်တစ်စီးတို့အား သိမ်းဆည်းရမိခဲ့ပြီး အမှုမှ တရားခံများ ပြစ်မှုကျူးလွန်ရာတွင် ဖွင့်လှစ်အသုံးပြုခဲ့သည့် ဘဏ်အကောင့်များနှင့် KBZ Pay ၊ Wave Pay အကောင့်တို့ရှိ ငွေကျပ် ၄၈၀၅ သိန်းခန့်နှင့် KBZ Pay အကောင့် ၁၄ ခုတို့ကို ယာယီ တားဆီးထိန်းသိမ်းထားရှိကာ အဆိုပါအကောင့်များအတွင်းရှိ ငွေများအား စိစစ်လျက်ရှိပြီး တရားခံများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

# လှမ်းလာခဲ့ဖို့ ဖိတ်ခေါ်ပါသည် ကော်ဖီဥယျာဉ်ဆီ

**လျှာပေါ်စွဲကျန်သည့် ခါးဆိမ့်ဆိမ့်အရသာကြောင့် ကော်ဖီကို လူမျိုးဘာသာမရွေး နှစ်သက်စွဲလမ်းစွာ သောက်သုံးကြသည်။ နံနက်စောစောတွင် နံနက်စာအဖြစ် သောက်သုံးလေ့ရှိကြသလို နေ့လယ်နေ့ခင်းအိပ်ချင်သည့်အခါ ကော်ဖီတစ်ခွက်သောက်လိုက်ရမှ အိပ်ချင်ပြေတတ်ကြသည်။ မိုးစို၍ ချမ်းအေးသည့်အခါ ကော်ဖီပူပူလေးသောက်တတ်ကြသည်။**

**မိုးယံ**

"ကော်ဖီသောက်တိုင်းလွမ်းတယ်၊ ကော်ဖီခါးခါး၊ ဘလက်ကော်ဖီ" စသဖြင့် တေးသီချင်းများတွင် တင်စားဖွဲ့နွဲ့ရလောက်အောင် ကော်ဖီက လူတိုင်း၏ နေ့စဉ်ဘဝတို့နှင့် နီးစပ်ခဲ့သည်။

**အပြည်ပြည်ဆိုင်ရာကော်ဖီနေ့**

ကော်ဖီကို အဖျော်ယမကာအဖြစ် မြှင့်တင်ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို "International Coffee Day – အပြည်ပြည်ဆိုင်ရာကော်ဖီနေ့" အဖြစ် သတ်မှတ်ထားသည်။

ကော်ဖီနှင့်ပတ်သက်၍ အိမ်ရှင်မတစ်ဦးက "ကော်ဖီကို အချိုဓာတ်နည်းနည်းနဲ့ တစ်ခွက်ဖျော်ထားပြီး နံနက်စာပြင်ဆင်ရင်း၊ ထမင်းဟင်းချက်ရင်း၊ အိမ်မှုကိစ္စတွေလုပ်ရင်း သောက်လိုက်ရမှ၊ မသောက်ရရင် တစ်ခုခုလိုနေသလိုလို၊ စိတ်တိုဒေါသထွက်သလိုလို ခံစားရတယ်" ဟု နေ့စဉ်လုပ်ငန်းဆောင်တာတို့ လုပ်ဆောင်နိုင်စွမ်းကို ကော်ဖီက အထောက်အကူပြုနေကြောင်း ၎င်း၏ ထင်မြင်ချက်ကို အထက်ပါအတိုင်းဖွင့်ဟပြောကြားသည်။

Expresso၊ Americano၊ Ristretto၊ Caf Latte၊ Cappuccino၊ Flat White၊ Piccolo Latte၊ Mocha၊ Affogato၊ Latte စသဖြင့် မတူကွဲပြားသည့် ဖျော်စပ်မှုပုံစံအမျိုးမျိုးရှိပြီး ငွေကြေးတန်ဖိုးအနေဖြင့် ကော်ဖီတစ်ခွက်ကို ငွေကျပ် တစ်ထောင်ဝန်းကျင်မှစ၍ သောင်းဂဏန်းအထိ ကော်ဖီအမျိုးအစားနှင့် အရည်အသွေးအပေါ်မူတည်ပြီး ဈေးနှုန်းအမျိုးမျိုးရှိကြသည်။

စိုက်ပျိုးထုတ်လုပ်မှုပုံစံများ၊ စိုက်ခင်းများတွင် ပြုစုထိန်းသိမ်းမှု၊ ကော်ဖီသီးကို Processing ပြုလုပ်မှု၊ သိုလှောင်ထိန်းသိမ်းမှုနှင့် အခြောက်ခံမှု စသဖြင့် ကော်ဖီကောင်းတစ်ခွက်ရရန် လိုအပ်သည့် အဆင့်များစွာရှိသည်။

"ဈေးကောင်းရဖို့ဆိုရင် ထုတ်လုပ်တဲ့ကော်ဖီက အရည်အသွေးကောင်းဖို့ လိုအပ်ပါတယ်။ အရည်အသွေးကောင်းတဲ့ အထူးတန်းဝင်ကော်ဖီ (Specialty Coffee) ရဖို့ဆိုရင် အရေးကြီးတဲ့ လိုအပ်ချက်တွေရှိပါတယ်။ စိုက်ပျိုးတဲ့နေရာဒေသ၊ ကော်ဖီမျိုး၊ စိုက်ပျိုးပြုစုတဲ့နည်းစနစ်တွေနဲ့ ထွက်ရှိလာတဲ့ ကော်ဖီသီးကို Processing လုပ်ပုံလုပ်နည်းတွေက အရည်အသွေးကောင်းကော်ဖီရဖို့ အလွန်အရေးကြီးတဲ့အချက်တွေဖြစ်ပါတယ်။ အထူးတန်းဝင်ကော်ဖီအဖြစ်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်ကို တင်ပို့နိုင်မှသာ ဈေးကောင်းရရှိမှာဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီပညာရှင်တစ်ဦးက ပြောသည်။



ကော်ဖီစေ့များ နေလှန်းထားသည်ကို တွေ့ရစဉ်။

ကော်ဖီသီးနှံ၏ မူရင်းဒေသမှာ အီသီယိုးပီးယားနိုင်ငံဖြစ်ပြီး ၁၃ ရာစုတွင် စတင်တွေ့ရှိခဲ့ကာ ထိုမှတစ်ဆင့် ကော်ဖီပင်သည် အီဂျစ်နိုင်ငံနှင့် ယီမင်နိုင်ငံတို့သို့ ပျံ့နှံ့ခဲ့သည်။ ၁၅ ရာစုနောက်ပိုင်းတွင် အင်္ဂလန်၊ ဘရာဇီး၊ ဩစတြေးလျ၊ အမေရိက၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့၌ စိုက်ပျိုးခဲ့ကြသည်။

**မြန်မာနိုင်ငံ၌ ၁၈၈၅ ခုနှစ်တွင် စတင်စိုက်ပျိုး**

၁၇၂၇ ခုနှစ်တွင် ဘရာဇီးနိုင်ငံနှင့် ၁၈၅၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံတို့၌ ကော်ဖီပင် အမြောက်အမြား စိုက်ပျိုးထုတ်လုပ်လာကြပြီး မြန်မာနိုင်ငံ၌ ၁၈၈၅ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ကမ္ဘာ့ကော်ဖီကုန်သွယ်မှု၏ ရာခိုင်နှုန်း ၇၀ မှာ အာရေဘီးကားကော်ဖီဖြစ်ပြီး ရာခိုင်နှုန်း ၃၀ မှာ ရိုဘတ်စတာကော်ဖီဖြစ်သည်။ ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် အာရေဘီးကားကော်ဖီ အများဆုံး စိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရိုဘတ်စတာကို အများဆုံးထုတ်လုပ်သည်။

ကော်ဖီပင်သည် အမြဲစိမ်းအပင်မျိုးဖြစ်၍ အလိုအလျောက်ပစ်ထားလျှင် အမြင့်ပေ ၃၀ ကျော်အထိ ရှင်သန်နိုင်ပါသည်။ ကော်ဖီပင်တွင် အရွက်နှင့်အကိုင်းများဆုံသည့် အရွက်ညှာခွများတွင် အလွန်မွှေးကြိုင်သည့် ပန်းဖြူများ အစုလိုက်ပွင့်တတ်ကြသည်။ ကော်ဖီပင်များသည် သုံးနှစ်သားအရွယ်ခန့်တွင် စတင်သီးပွင့်သော်လည်း လေး–ငါးနှစ်သားအရွယ်ရောက်မှ စီးပွားဖြစ် စတင်ခူးဆွတ်ကြသည်။ ကော်ဖီပင်အား စနစ်တကျပြုစုထိန်းသိမ်းပါက အနှစ် ၂၀ မျှကြာအောင် စီးပွားဖြစ်အထွက်နှုန်းကိုရနိုင်သည်။ အသီးများသည် ပထမ၌ အစိမ်းရောင် ထိုမှတစ်ဆင့် အဝါရောင် နောက်ဆုံးခူးဆွတ်ချိန်တွင် အနီရောင်ဖြစ်သွားသည်။

ကော်ဖီမျိုးစိတ်ပေါင်း များစွာရှိသည့်အနက် မြန်မာနိုင်ငံတွင် အာရေဘီးကား (ကုန်းမြင့်ကော်ဖီ)နှင့် ရိုဘတ်စတာ (မြေနိမ့်ကော်ဖီ) နှစ်မျိုးကို အဓိကစိုက်ပျိုးထုတ်လုပ်ကြပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသနှင့် မိုးကုတ်မြို့နယ်တို့တွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**အာရေဘီးကား(ကုန်းမြင့်ကော်ဖီ)ကိုစိုက်ပျိုးနိုင်**

"အမြင့်ပေ ၂၅၀၀ ကနေ ၆၀၀၀ အကြားဆိုရင် အာရေဘီးကား(ကုန်းမြင့်ကော်ဖီ) ကို စိုက်ပျိုးနိုင်ပြီး အမြင့်ပေ ၂၅၀၀ အောက်ဆိုရင် ရိုဘတ်စတာ (မြေနိမ့်ကော်ဖီ) ကို စိုက်ပျိုးနိုင်ပါတယ်။ အာရေဘီးကားကော်ဖီရဲ့ သဘာဝက ကုန်းမြင့်ရင် အရည်အသွေးပိုကောင်းလာပေမယ့် အထွက်နှုန်းတော့ နည်းသွားတတ်ပါတယ်။ ဒါကြောင့် အမြင့်ပေက အရည်အသွေးကို လွှမ်းမိုးမှုရှိသလို အထွက်နှုန်းအပေါ်လည်း သက်ရောက်မှုရှိပါတယ်။ အာရေဘီးကားမျိုးစိတ်ရဲ့အောက်မှာ မျိုးကွဲတွေက အများကြီးရှိပါတယ်။ ဒီမျိုးကွဲတွေက သောက်သုံးရတဲ့ အရသာ၊ အရည်အသွေး၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ ရေငတ်ဒဏ်ခံနိုင်ရည်ရှိမှု စတဲ့ အရည်အသွေးလက္ခဏာတွေ မတူညီကြပါဘူး" ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ–ရာသီသီးနှံဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၏ နှစ်စဉ်ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် တစ်သောင်းခန့်ရှိပြီး တန်ချိန် ၈၀၀၀ ခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အရည်သွေးမြင့် မြန်မာ့ကော်ဖီသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၀၀ မှ ၈၂၀၀ ခန့်အထိရရှိနေပြီး အမေရိကန်၊ ဥရောပ၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့အထိ ဈေးကွက်ရရှိထားပြီးဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

**❖ မြန်မာနိုင်ငံ၏ နှစ်စဉ်ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် တစ်သောင်းခန့်ရှိပြီး တန်ချိန် ၈၀၀၀ ခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချ**

**❖ မြန်မာနိုင်ငံတွင် အထူးတန်းဝင်ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရန် ရေခံမြေခံကောင်းများရှိသော်လည်း ဒေသတွင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ လာအိုတို့နှင့်နှိုင်းယှဉ်ပါက စိုက်ပျိုးထုတ်လုပ်မှုအရေအတွက်နည်းသည့်အတွက် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် မျိုး၊ ပျိုးပင်နှင့် နည်းပညာများကို နိုင်ငံပိုင်ခြံများနှင့် ပုဂ္ဂလိကခြံများမှ ဖြန့်ဖြူးပေးလျက်ရှိ**

"နိုင်ငံခြားကိုတင်ပို့တာက ကော်ဖီဆန်အစိမ်းကို ပို့တာဖြစ်တဲ့အတွက် ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက်လုံးမှာ နည်းပညာနဲ့ ပြည့်စုံပြီး သေသေချာချာ ဂရုစိုက်ထုတ်လုပ်မှသာ အထူးတန်းဝင်တဲ့ကော်ဖီကို ရရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ အထူးတန်းဝင်ကော်ဖီကို အများကြီး မထုတ်လုပ်နိုင်သေးပါဘူး။ အခု မျိုးရွေးချယ်မှုတွေနဲ့ စိုက်ပျိုးထုတ်လုပ်မှုတွေ အထူးတန်းဝင်အောင် အတော်လေး ဂရုစိုက်လာကြပါပြီ" ဟု စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီပညာရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် အထူးတန်းဝင်ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရန် ရေခံမြေခံကောင်းများရှိသော်လည်း ဒေသတွင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ လာအိုတို့နှင့်နှိုင်းယှဉ်ပါက စိုက်ပျိုးထုတ်လုပ်မှုအရေအတွက် နည်းသည့်အတွက် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် မျိုး၊ ပျိုးပင်နှင့် နည်းပညာများကို နိုင်ငံပိုင်ခြံများနှင့် ပုဂ္ဂလိကခြံများမှ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**ကော်ဖီပညာရှင်များ**

ကော်ဖီသီးနှံကို ကေကျယ်စိုက်ခင်းများဖြင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်မှုကို အဓိက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်တွင် အများဆုံးတွေ့ရှိရပြီး လက်ရှိအချိန်အထိ ကော်ဖီစိုက်ဧကတစ်သောင်းကျော်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ကော်ဖီစိုက်ပျိုးမှုကို တိုးချဲ့ဆောင်ရွက်နိုင်ပါက ၂၀၃၀ ပြည့်နှစ်တွင် ထုတ်လုပ်မှုပမာဏ တန်ချိန်တစ်သောင်းခွဲမှ နှစ်သောင်းအထိ ရောက်ရှိလာမည်ဟု ကော်ဖီပညာရှင်များက ခန့်မှန်းထားသည်။

ပြင်ဦးလွင်မြို့သည် ရေမြေရာသီဥတုကောင်းမွန်ပြီး သာယာလှပသဖြင့် ပြည်တွင်းခရီးသွားများနှင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှုများပြား၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သောမြို့တစ်မြို့ဖြစ်သည်။

တောင်ပေါ်အပန်းဖြေစခန်းမြို့အဖြစ် ခရီးသွားများကိုဆွဲဆောင်နိုင်ရန် ပြင်ဦးလွင်မြို့ကို နိုင်ငံတကာအဆင့်မီ သာယာလှပအောင် ဆောင်ရွက်လျက်ရှိပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့်မြို့ဖြစ်၍ ကော်ဖီမြို့တော်အဖြစ် အကောင်အထည်ဖော်ခြင်းဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

ပြင်ဦးလွင်မြို့ကို ကော်ဖီမြို့တော်အဖြစ် ထင်ရှားလာစေရန်၊ မြန်မာ့ကော်ဖီအရည်အသွေးနှင့် ထုတ်လုပ်မှုတိုးတက်ပြီး ကမ္ဘာ့ကော်ဖီဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန်အတွက် ရည်ရွယ်၍ ပြင်ဦးလွင်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ–ရာသီသီးနှံဌာနခွဲ၊ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)ကို ကော်ဖီအပန်းဖြေဥယျာဉ်တစ်ခုအဖြစ် ရည်ရွယ်ဖော်ဆောင်လျက်ရှိသည်။

ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)သည် မြေဧကအားဖြင့် ၃၈၆ ဒသမ ၃ ဧကကျယ်ဝန်းပြီး ကော်ဖီမျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးခြင်း၊ တောင်သူနည်းပညာဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း စသည့်လုပ်ငန်းတို့ကို အဓိကထားလုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၁၇ သို့ ❖

# မူဆယ်မြို့နယ်လုံးကျွတ်(ဒုတိယအကြိမ်)ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

မူဆယ် ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နှစ်မှစတင်၍ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များ၊ မြို့ရပ်မိ/ရပ်ဖများ၊ မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်ပြည်သူများက စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

ယခုနှစ်တွင်လည်း မြို့နယ်လုံးကျွတ် (ဒုတိယအကြိမ်)ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များ၊ မြို့ရပ်မိ/ရပ်ဖများနှင့် စေတနာရှင်ပြည်သူများ စုပေါင်း၍ မတ် ၄ ရက်တွင် မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်နှင့် သီလရှင် အပါး ၁၃၀၀ ကျော်ကို လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




# ၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ပုဂ္ဂိုလ်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ပုဂ္ဂိုလ်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ပုဂ္ဂိုလ်များအား ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပေးအပ်သည့် ထပ်ဆင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း မန္တလေးမြို့ပေါ်ရှိ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသော ပြည်သူလူထုအား စွမ်းစွမ်းတမံ ကူညီစောင့်ရှောက်ပေးခဲ့ကြသည့် ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေရှာဖွေရေးကော်မတီတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်တံဆိပ် ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်ပုံငွေရှာဖွေရေးကော်မတီ၏ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးသည်။ အဆိုပါအခမ်းအနားတွင် လူမှုထူးချွန်ပထမဆင့်ရရှိသူ တစ်ဦး၊ လူမှုထူးချွန် ဒုတိယဆင့်ရရှိသူ တစ်ဦး၊ လူမှုထူးချွန် တတိယဆင့်ရရှိသူ ရှစ်ဦး၊ ရဲဗလတံဆိပ်ရရှိသူ တစ်ဦး စုစုပေါင်း ၁၁ ဦးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဂုဏ်ပြုမှတ်တမ်းလွှာရရှိသူ ၂၇ ဦးတို့ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆွတ်ခူး



အာဂျင်တီးနားအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ရဲ့ တိုက်စစ်မှူး မက်ဆီဟာ ဖီဖာက ပေးအပ်ချီးမြှင့်တဲ့ ၂၀၂၂ ခုနှစ် တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ အဲဒီဆုပေးပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့တာဖြစ်ပါတယ်။

အသက် ၃၅ နှစ်အရွယ် တိုက်စစ်မှူး မက်ဆီဟာ ပြင်သစ်တိုက်စစ်မှူးတွေဖြစ်တဲ့ ကီလီယန်အန်ဘတ်ပီနဲ့ ကာရင်ဘင်ဇီမာတို့ကို ကျော်ဖြတ်ကာ ယခုတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ မက်ဆီဟာ အခုဆုကို နှစ်ကြိမ်မြောက် ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး မက်ဆီဟာ ကာတာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ရေး စွမ်းဆောင်ပေးခဲ့သူဖြစ်ပြီး ၂၀၂၁-၂၀၂၂ ဘောလုံးရာသီအတွင်းမှာ ကလပ်အသင်းနဲ့ နိုင်ငံအသင်းအတွက် ပွဲစဉ်စုစုပေါင်း ၄၉ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၂၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဖီဖာက ပေးအပ်ချီးမြှင့်တဲ့ တစ်နှစ်တာ အကောင်းဆုံး အမျိုးသမီးကစားသမားဆုကိုတော့ ဘာစီလိုနာအမျိုးသမီးအသင်းမှ ပူတဲလက်စ်က ရရှိခဲ့တာ ဖြစ်ပါတယ်။

အကောင်းဆုံး အမျိုးသားနည်းပြဆုကို အာဂျင်တီးနားအသင်းအတွက် ကမ္ဘာ့ဖလားယူပေးခဲ့တဲ့ နည်းပြ စကာလိုနီက ရရှိခဲ့ပြီး မန်စီးတီးအသင်းအတွက် ခြောက်ကြိမ်မြောက် ပရီမီယာလိဂ်ဖလားရယူပေးခဲ့တဲ့ နည်းပြဂွါဒီယိုလာနဲ့ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ချန်ပီယံလိဂ်ဖလား ရယူပေးခဲ့တဲ့ နည်းပြ အန်ဆန်လော့တီတို့ကို ကျော်ဖြတ်ကာ စကာလိုနီက ရရှိခဲ့တာဖြစ်ပါတယ်။

အကောင်းဆုံးအမျိုးသမီး နည်းပြဆုကို အင်္ဂလန်အသင်းနည်းပြ ဆာရီနာဝီမန်းက ရရှိခဲ့ပြီး အကောင်းဆုံးဂိုးသမားဆုကို အက်စ်တွန်ဗီလာအသင်းမှ အာဂျင်တီးနားဂိုးသမား အီမီလီယာနိုမက်တီနက်ဇ်က ရရှိခဲ့ကာ အကောင်းဆုံးအမျိုးသမီးဂိုးသမားဆုကို အင်္ဂလန်အမျိုးသမီးအသင်းမှ ဂိုးသမား မာရီအက်ပ်က ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

❖ စာမျက်နှာ ၁၆ မှ

## ဒေသအလိုက်စိုက်ပျိုးနိုင်သောကော်ဖီမျိုးများ

ယခုအခါ ကော်ဖီအပန်းဖြေဥယျာဉ်ကို မြေဧက ၈၃ ဒသမ ၄၈ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကော်ဖီဥယျာဉ်အတွင်းရှိ Information Center တွင် ကမ္ဘာ့ကော်ဖီသမိုင်း၊ မြန်မာ့ကော်ဖီသမိုင်း၊ မြန်မာနိုင်ငံတွင် ဒေသအလိုက်စိုက်ပျိုးနိုင်သော ကော်ဖီမျိုးများအကြောင်းနှင့် Coffee Knowledge Center တွင် ကော်ဖီနှင့်ပတ်သက်သည့် သိကောင်းစရာ ဗဟုသုတများကို အပန်းဖြေအနားယူရင်း လွယ်ကူစွာလေ့လာနိုင်မည်ဖြစ်သည်။

ထို့ပြင် ကော်ဖီစစ်စစ်အရသာကို သောက်သုံးနိုင်သည့်ကော်ဖီဆိုင်များ၊ ပြင်ဦးလွင်ဒေသထွက်ကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်း လေ့လာဝယ်ယူနိုင်မည်ဖြစ်သည်။

“သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ပြည်သူလူထု အနားယူအပန်းဖြေခရီးသွားလာနိုင်တဲ့ နေရာတစ်ခုအဖြစ် ဖန်တီးမှာဖြစ်ပါတယ်။ လာရောက်တဲ့ခရီးသွားတွေအနေနဲ့ ရာသီအလိုက်ပန်းတွေနဲ့ သန့်ရှင်းသာယာပြီး သဘာဝတောတောင်ရေမြေကို ထိတွေ့ခံစားခွင့်ရရှိမှာဖြစ်ပါတယ်”ဟု ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်) တာဝန်ခံကပြောသည်။



ခူးဆွတ်ပြီး ကော်ဖီစေ့များမှ အရည်အသွေးကောင်းမွန်သော ကော်ဖီစေ့များကို စနစ်တကျ ရွေးချယ်နေစဉ်။

ကော်ဖီအပန်းဖြေဥယျာဉ်တွင် သဘာဝကို ခံစားထိတွေ့နိုင်ရန် တောတွင်းလျှောက်လမ်းများ၊ ချောင်းရိုးတစ်လျှောက်လူသွားလမ်းများ၊ သဘာဝရေထွက်ကန်အနီး ဆပ်သွားဖူးတောအတွင်း ရှုံ့နှံ့တောလျှောက်တံတားများ၊ သဘာဝရေထွက်ကန် (၁) နှင့် (၂) တို့မှ စီးဆင်းလာသည့် ချောင်းရိုးတစ်လျှောက် အလှဆင်သည့်လုပ်ငန်းများ၊ အလှဓာတ်ပုံရိုက်ကူးနိုင်ရန်နေရာများ၊ ရှားပါးအပင်များနှင့် သက်တမ်းနှစ်ပေါင်း ၁၂၀ ခန့်ရှိသည့် ညောင်ထောက်ပင်အား အလှဆင်ခြင်းလုပ်ငန်း၊ ကော်ဖီစိုက်ခင်းများ၊ Coffee Barista Camp၊ ကော်ဖီကြိတ်ခွဲထုတ်လုပ်သည့်စက်ရုံများပါဝင်မည်ဖြစ်သည်။

“ခရီးသွားတွေစိတ်နှလုံးကို အေးချမ်းစေမယ့် နေရာတစ်ခုအဖြစ် လာရောက်အပန်းဖြေနိုင်မှာဖြစ်ပါတယ်။ ဒီလိုအပန်းဖြေဥယျာဉ်အဖြစ် အကောင်အထည်ဖော်လိုက်ခြင်းအားဖြင့် သဘာဝအခြေခံတဲ့ ခရီးသွားလုပ်ငန်းအဖြစ် ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာမှာဖြစ်ပါတယ်။ ဒါနဲ့ဆက်စပ်ပြီး ဒေသထွက်ကုန်တွေ၊ ကော်ဖီထုတ်ကုန်တွေ ရောင်းဝယ်ဖောက်ကားမှု ပိုမိုတွင်ကျယ်လာပြီး ဒေသတွင်းဝင်ငွေပိုမိုတိုးတက်ရရှိလာစေမှာဖြစ်ပါတယ်” ဟု ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်) တာဝန်ခံကဆိုသည်။

ယခုအခါ ကော်ဖီဥယျာဉ်အဖြစ် အကောင်အထည်ဖော်ခြင်းဖြင့် ကော်ဖီနှင့်ပတ်သက်သည့် အသိပညာများ ပိုမိုလွယ်ကူစွာပြန့်ပွားရေးနှင့် တစ်နေရာတည်းတွင် လွယ်ကူလျင်မြန်စွာ ရောင်းဝယ်ဖောက်ကားနိုင်သော One Stop Service ကော်ဖီဈေးကွက်တစ်ခု ဖော်ဆောင်သည့်လုပ်ငန်းကို ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ကော်ဖီချစ်သူများအနေဖြင့် ကော်ဖီစိုက်ပျိုးမှုမှ ကော်ဖီမှုန့်ရရှိသည်အထိ ထုတ်လုပ်ပုံအဆင့်ဆင့်ကို ဗဟုသုတရလို၍ဖြစ်စေ၊ ကော်ဖီစစ်စစ်အရသာကို မြည်းစမ်းလို၍ဖြစ်စေ၊ ရာသီအလိုက်ပန်းများနှင့်သာယာလှပသည့် သဘာဝတရားနှင့်ထိတွေ့ခံစားလို၍ဖြစ်စေ ပြင်ဦးလွင်မြို့နယ်မှ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်) ကော်ဖီဥယျာဉ်သို့ တစ်ခေါက်တစ်ခါ လှမ်းလာခဲ့ပါဟု ဖိတ်ခေါ်လိုက်ရပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၅၀၀ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၅,၅၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၅၃,၃၅၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၁၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၉၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်း တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပုသိမ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေး

ပုသိမ် ဖေဖော်ဝါရီ ၂၈

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပုသိမ်ခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီဥက္ကဋ္ဌ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ဆပ်ကော်မတီအတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်က ကော်မတီ၏ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မှော်ဘီမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူ ၄၃၄၉ ဦးတို့အား မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၁၅၀၀ ကျော် ထုတ်ချေး

မှော်ဘီ ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေစီမံကိန်းကို မြို့နယ်အတွင်းရှိ ကျေးရွာ ၄၀ တို့တွင် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း အတိုးအရင်းငွေများအား အကြေပေးချေပြီးသည့် ကျေးရွာ ၃၂ ရွာမှ ကျေးရွာနေပြည်သူ ၄၃၄၉ ဦးတို့အား ငွေကျပ်သန်း ၁၅၀၆ ဒသမ ၅၅ ကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၈ ရက်အထိ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြန်လည်ထုတ်ချေးပေးရာတွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မည့်သူများကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ ကျေးရွာများအလိုက် ငွေထုတ်ချေးပေးနေမှုအခြေအနေများကို မြို့နယ်ဦးစီးမှူး ဦးတင်စိုးနှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၀ | ၂၂၃၀ | ၂၂၄၅ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၁၅ | ၂၈၁၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၅ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၁၀ | ၂၃၂၅ | ၂၂၁၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၆၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၀ | ၂၃၃၅ | ၂၃၃၀ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၅ | ၂၅၈၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၆၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၀ | ၂၃၃၅ | ၂၃၃၀ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၅ | ၂၅၈၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၂ | ၂၀၆၅ |
| 95 Ron | ၂၀၆၆ | ၂၁၄၁ |
| HSD (500 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (50 ppm) | ၂၁၅၂ | ၂၂၂၄ |
| HSD (10 ppm) | ၂၁၅၂ | ၂၂၂၄ |

မှတ်ချက်။

(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပူးတွဲကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်သည်။

ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## လွိုင်ကော်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၂၈**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်မှုကော်မတီများ တက်ရောက်ကြသည်။

**အထူးဂရုပြုဆောင်ရွက်**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်နယ်အတွင်းရှိ စာစစ်ဌာနအသီးသီးတွင် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီ အသီးသီးက တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာမေးပွဲကာလအတွင်း မေးခွန်းလွှာများထုတ်ယူသယ်ဆောင်မှု အဆင်ပြေစေရေး၊ ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ရေး၊ လျှပ်စစ်မီးများ ပြတ်တောက်မှု မရှိစေရေး၊ မီးဘေးအန္တရာယ်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့ကို အထူးဂရုပြုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်မှုကော်မတီများက မိမိတို့၏လုပ်ငန်းများအလိုက် ဆောင်ရွက်ထားသည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## မုဒုံမြို့နယ်၌အမျိုးသားအဆင့်ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှု သင်တန်းဆင်းပွဲ ပြုလုပ်



**မုဒုံ ဖေဖော်ဝါရီ ၂၈**

မွန်ပြည်နယ် မုဒုံမြို့နယ် နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၌ ယနေ့ နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသားအဆင့်ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှု အဆင့်(၁) သင်တန်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးက သင်တန်းဆင်း အမှာစကားပြောကြားပြီး ရော်ဘာစိုက်ပျိုးရေး ပညာရှင် ဦးဝင်းတင်က စိုက်ပျိုးပြီးရော်ဘာပင်များကို မှန်ကန်သည့် ပြုစုထိန်းသိမ်းနည်းစနစ်များလိုအပ်ပြီး အစေးခြစ်ရာတွင်ရော်ဘာပင်ကို ထိခိုက်မှုမရှိရန်လိုအပ်သဖြင့် အစေးခြစ်လုပ်သားများကို စနစ်တကျသင်ကြားပေးခြင်းဖြစ်ကြောင်းပြောသည်။

ဆက်လက်၍ သင်တန်းဆင်းပွဲကိုပြုလုပ်ရာ ပထမဆု၊ ဒုတိယဆုနှင့်တတိယဆုရရှိသော သင်တန်းသား သင်တန်းသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၈ ထိ သင်တန်းသား သင်တန်းသူ ၃၀ ဖြင့်ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အေးသာယာရပ်ကွက်နေ စောလှနွယ်သည် ၎င်းအသုံးပြုသည့် “Saw Hla Nwe” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ထိန်စွန်းကျေးရွာနေ ဘီယံရှိန်းသည် ၎င်းအသုံးပြုသည့် “B Yan Shein” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ကျောက်ဆည်အသင်းနာယက**

## ဒေါ်ကြည်ခင်

**အသက် (၉၆) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာအပိုင်း (၂)၊ အမှတ်(၉၃/ဘီ)နေ (ဦးအောင်သိန်း)၏ ချစ်လှစွာသောဇနီး ဒေါ်ကြည်ခင် (၉၆) နှစ်သည် ၂၆-၂-၂၀၂၃ ရက် (တနင်္ဂနွေနေ့) ည ၁၀ နာရီ ၁၀ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နွယ်နီဝင်း

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၃၈)၊ (၁၃၇)လမ်းနေ (ဦးအောင်ကြီး-ဒေါ်ခင်ခင်ညွန့်)တို့၏ သမီး၊ [ဗိုလ်မှူးအုန်းလယ် (ငြိမ်း)-ဒေါ်မြဝင်းရီ]တို့၏ သမီး/ချွေးမ၊ ဗိုလ်မှူးဘအုန်း(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်နွယ်နီဝင်း အသက်(၆၃)နှစ် (ရှမ်းကုန်း နာရေးအသင်းဝင်)သည် ၂၇-၂-၂၀၂၃ (တနင်္လာနေ့)တွင် ကွယ်လွန် အနိစ္စရောက်ရှိကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၆) မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင်နီ

**အသက်(၈၆)နှစ်**

ဦးသန့်ဇင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန)၏ မိခင်သည် ၂၈-၂-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပြီး ၂-၃-၂၀၂၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၇)**

---

## ဒေါ်စိန်ရင်

**အလယ်တန်းကျောင်းအုပ်(ငြိမ်း)**

**အသက်(၈၃)နှစ်**

ဦးခင်မောင်တင့် (မြန်မာနယူးဝိစ်ဂျာနယ်)၏ ဇနီး၊ ဦးအောင် ချမ်းငြိမ်း-ဒေါ်အေးသန္တာသင်း၊ ဦးမင်းချမ်းငြိမ်း-ဒေါ်ဖြူဖြူဝင်းတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး သုံးယောက်၊ မြစ် တစ်ယောက်တို့၏ အဘွား၊ ကမာကေးကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ အလယ်တန်း ကျောင်းအုပ်(ငြိမ်း) ဒေါ်စိန်ရင်သည် ၂၈-၂-၂၀၂၃ ရက် နံနက် ၄:၃၀ နာရီ တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂-၃-၂၀၂၃ (ကြာသပတေး နေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ထောက်ကြန့်၊ မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ထောက်ကြန့်မြို့၊ ရွာသစ်ကျေးရွာ၊ အပိုင်း(၃)၊ ဗိုလ်တေဇလမ်းသွယ်နေ ဦးခင်မောင်တင့်၏ နေအိမ်သို့ အသုဘရှုနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါ သည်။ [နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/အနောက်ရပ်ကွက်၊ ၈၈-လမ်း၊ အမှတ်(၂၄)၊ မြေညီထပ်-ပထမထပ်(ဟောင်ကောင်) မျက်နှာမူလျက်(ညာ) ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်း အဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါတိုက်ခန်းကို တရားဝင် အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော ၁။ ဦးကျော်ဇောဒွေး [၁၂/မရက(နိုင်) ၁၁၇၆၃၃]၊ ၂။ ကွယ်လွန်သူ ဦးကျော်ကျော်ဒွေး၏ ဇနီး ဒေါ်လှလှထွေး [၁၂/မရက(နိုင်)၀၆၁၄၆၄]၊ ၃။ ကွယ်လွန်သူ ဒေါ်မဉ္ဇူဒွေး၏ခင်ပွန်း ဦးအောင်တင့် [၁၂/မရက(နိုင်) ၀၁၁၂၈၃]၊ ၄။ ကွယ်လွန်သူ ဒေါ်နှင်းမာဒွေး၏သား/သမီးများ ဒေါ်လဲ့ရီဝင်း [၁၂/မဂတ(နိုင်)၀၈၈၁၄၆]၊ ဦးချမ်းညိမ်းလူ [၁၂/မဂတ(နိုင်)၀၉၂၈၆၆] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**

**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**

**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)**

**B.Sc,Hon(IC),HGP,R.L,D.B.L**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း(LL.B)(စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766 HP:09-501 7044**

---

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း)-ဒေါ်ကြိုင် ကြိုင်တို့၏ အစ်မကြီး ဒေါ်ကြည်ခင် အသက် (၉၆)နှစ် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

အမေကြီး ကောင်းရာသုဂတိမှာ ပျော်စံနိုင်ပါစေ

**ဖိုးခွားလေးစောဖားကော်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## သီရိပျံချီ ဦးအုန်းမြင့်

**ဝန်ကြီးချုပ်(ငြိမ်း)၊ မွန်ပြည်နယ်**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ သတ္တုတွင်းဝန်ကြီးဌာန**

**အသက်(၇၈)နှစ်**

မွန်ပြည်နယ်ဝန်ကြီးချုပ်(ငြိမ်း)၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သီရိပျံချီ ဦးအုန်းမြင့် အသက်(၇၈) နှစ်သည် ၂၅-၂-၂၀၂၃ ရက် (စနေနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းများ**

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တူး

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ်(၃၄/ခ)နေ အရေးပိုင်မင်းကြီး [မစ္စတာဂျီပီဆင်းဂ်(ခ)ဦးစိန်-ဒေါ်အုန်းခင်]တို့၏သမီးကြီး၊ (ဒေါ်သန်းသန်းဝင်း)၊ [ဦးတင်မြင့် (ခွဲမှူး-ငြိမ်း၊ ဆေးဝါးအိမ်သုံး)]၊ [ဦးအုန်းမြင့် (လ/ထ ညွှန်မှူး၊ ကကငွေ-ငြိမ်း]၊ ဒေါ်သင်းသင်းနိုင်၊ ဒေါ်ကြည်ကြည်မြင့် (ထ-၃၊ လှိုင်-ငြိမ်း)တို့၏ ချစ်လှစွာသော အစ်မကြီး ဒေါ်တူးသည် ၂၇-၂-၂၀၂၃ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပြီဖြစ် ပါ၍ ၂၈-၂-၂၀၂၃ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အင်စိန်

**(ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ဝက်ချောင်းကျေးရွာ)**

**အသက်(၉၀)**

(ဦးကြင်ကုတ်-ဒေါ်ဖွားကြည်)တို့၏ သမီးကြီး၊ (ဦးမြင့်ဝေ)၏ဇနီး၊ (ဒေါက်တာဦးမွန်တစ်-ဒေါက်တာဒေါ်မြင့်စိန်)တို့၏ ညီမ၊ (ဒေါ်ရှုစိန်)၊ ဦးအောင်ပန်း-ဒေါ်ခင်ရွှေတို့၏ အစ်မ၊ ဦးရန်အောင်-ဒေါ်သင်းသင်းဝေ၊ ဦးမြင့်နိုင်-ဒေါက်တာသူဇာဝေ (စိန့်ကြယ်စင် စိတ်ကျန်းမာရေးဆေးရုံ)၊ ဦးဇော်ဝင်း-ဒေါက်တာမြမြဝေတို့၏ မွေးသမိခင်ကြီး၊ မရွှေစင်လင်းလက်၊ မောင်ကောင်းမြတ်ခန့်၊ မယုမြတ်သွယ်၊ မောင်အံ့ဘုန်းမော်(ခ)မောင်ရေ မွန်ခွါး၊ မဝင်းလဲ့ဖြူစင်၊ မောင်ဝင်းသူရအောင်တို့၏ချစ်လှစွာသောအဘွား သည် ၂၇-၂-၂၀၂၃ ရက် ည ၉:၁၆ နာရီတွင် ဂရန်းဟံသာဆေးရုံကြီး၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁-၃-၂၀၂၃ ရက် နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်စွာ အကြောင်းကြားအပ်ပါသည်။ (အမှတ်- ၉၆၊ ၁၄-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့် (၅)လမ်း၊ အမှတ် (၄၀)ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၅x၅၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော (၂)ခန်းတွဲ (၆ ထပ်တိုက်) အဆောက်အဦ၏ (၄-လွှာ/ဘီ)၊ အကျယ်အဝန်း (၁၂ ½x၅၀)ပေခန့်ရှိ တိုက်ခန်း (၁)ခန်း၊ ယင်းတိုက်ခန်းနှင့် အဆိုပါ တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားလျက် ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရှိထားပိုင်ဆိုင်၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဟိန်းဇာနည် [၁၂/မဂတ(နိုင်)၀၉၅၈၀၅] (၎င်း၏ ကိုယ်စား ဇနီးဖြစ်သူ ဒေါ်အေးအေးစမ်း [၇/နတလ(နိုင်)၁၂၁၃၂၄]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုနန္ဒာထွန်း** | **ဒေါ်ခိုင်ဇာလွင်** |
| **အထက်တန်းရှေ့နေ (စဉ်-၅၃၇၃၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)** |

**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၃၁၄၄၆၆၇**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## သီရိပျံချီ ဦးအုန်းမြင့်

**သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းနေ သတ္တုတွင်းဝန်ကြီး ဌာန၊ ဝန်ကြီး(ငြိမ်း)၊ သီရိပျံချီ ဦးအုန်းမြင့် အသက် (၇၈)နှစ်သည် ၂၅-၂-၂၀၂၃ ရက် ညနေ ၅:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးမောင်ကို ဇနီး ဒေါ်ရွှေဥ**

**ထာဝရကုမ္ပဏီမိသားစု**

**မန္တလေးမြို့**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယကာကြီး**

## ဒုတိယဗိုလ်မှူးကြီးကျော်စိုးညွန့်(DSA-29)

**အသက်(၅၈)နှစ်**

နေပြည်တော်၊ ပျဉ်းမနားမြို့နေ ဒေါ်မြတ်မြတ်မိုး၏ ချစ်လှစွာသော ခင်ပွန်း၊ မမှုံသာချယ်၊ မောင်စစ်မင်းလွင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဦးသိန်းညွန့်-(ဒေါ်ခင် သန်းနွယ်)တို့၏ သားကြီး၊ (ဦးအောင်စိန်-ဒေါ်ရင်မြ)တို့၏ သားသမက်၊ ဦးအောင် မျိုးညွန့်-ဒေါ်စန်းစန်းဦးတို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်စိန်၊ ဦးသန်းဌေး-ဒေါ်ဥမ္မာစိုး၊ ဦးမြင့်ဌေး-ဒေါ်နန်းစန်းစန်းမိ၊ ဦးချစ်သောင်း-ဒေါ်ကြည်ကြည်စိန်၊ (ဦးခင်မောင်ချို-ဒေါ်သင်းသင်းစိန်)တို့၏ မောင်၊ တူ၊ တူမများ၏ချစ်လှစွာသော ဦးလေး၊ မြေးများ၏ ဘိုးလေး ဒုတိယဗိုလ်မှူးကြီးကျော်စိုးညွန့်သည် ၂၈-၂-၂၀၂၃ ရက် (အင်္ဂါနေ့)နံနက် ၀၈:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့်ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၂၃ ရက် (ကြာသပတေးနေ့) နေ့လယ် ၁၃:၀၀ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်ငြိမ်းအေးဇရပ်မှ နေပြည်တော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက်(၁၁:၃၀)နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၆-၃-၂၀၂၃ ရက်(တနင်္လာနေ့)နံနက် ၀၇:၀၀ နာရီတွင် ဒေါ်မြတ်မြတ်မိုး၏ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယကာကြီး**

## ဒုတိယဗိုလ်မှူးကြီးကျော်စိုးညွန့် (DSA-29)

**အသက် (၅၈) နှစ်**

ဒေါ်မြတ်မြတ်မိုး၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး ကျော်စိုးညွန့်၊ စစ်ထောက်ချုပ်ရုံးသည် ၂၈-၂-၂၀၂၃ ရက်(အင်္ဂါနေ့) နံနက် ၀၈:၁၅ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုများနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**စစ်ထောက်ချုပ်ရုံးမိသားစုများ**

---

**ဟံသာတအသင်း**

## ဦးသိန်းမြင့်

**တွဲဖက်တိုင်းတရားသူကြီး(ငြိမ်း)**

**အသက်(၇၂)နှစ်**

ဟံသာတမြို့နေ (ဦးငွေပေါ်-ဒေါ်စောရင်)တို့၏ အငယ်ဆုံး သား၊ ရန်ကုန်မြို့နေ (ဦးလှဘေ-ဒေါ်အေးတင်)တို့၏ သားသမက်၊ ဒေါ်မိုးမိုးသူ (B.A Geology)၏ ချစ်လှစွာသော ခင်ပွန်းသည် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၆၂)လမ်း၊ အမှတ် (၇)နေအိမ်၌ ၂၄-၂-၂၀၂၃ (သောကြာနေ့) ညနေ ၄:၃၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၃ (စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး အသင်းသားများ သိသာပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဟံသာတအသင်း

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/သဲကျွန်းအနောက်ရပ်)၊ မြေဧရိယာ (၀.၁၁၅)ဧက၊ မြေကွက်အမှတ် (ဥသ-၂၀၆၂)၊ ဦးအေးဝင်းကျော် (ဘ) ဦးကျော်ညွန့် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးစည်သူအောင် [၁၄/ကခန(နိုင်)၀၆၂၉၇၃] (ဘ) ဦးဌေးအောင်မှ နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၆၉၅/၂၀၂၂)၊ (၆-၁၂-၂၀၂၂)တင်ပြ၍ ဒေါ်ခင်မမ [၅/ကလဝ(နိုင်)၀၂၈၈၀၅]၊ (ဘ) ဦးစန်း(ခ)မောင်မောင်သိန်း အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် (၂၈၃)၊ မြေကွက်တည်နေရာအမှတ် (၂၈၃)၊ သုမင်္ဂလာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်လှကျင် [၁၂/ဥကတ(နိုင်)၀၂၂၈၇၅]၊ ဦးတင်ရွှေ [၁၂/ဥကတ(နိုင်)၀၂၅၇၂၂] အမည် ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက် အား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်လှကျင် ကွယ်လွန်သဖြင့် ကျန် အမည်ပေါက် တစ်ဦးဖြစ်သူ ဦးတင်ရွှေ မှ ခင်ပွန်းတော်စပ်ကြောင်း ကျမ်း ကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေး ကတ်များ၊ သေစာရင်း၊ အိမ်ထောင်စု စာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## အားကစား မြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ ကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက် ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည် အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **မြေပေါ်မြေအောက် သယံဇာတ ပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမဟုတ်ဘဲ ကုန်ချော ပစ္စည်းများအဖြစ် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လို...**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂)တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ) အား ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ် ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံး(အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံး (အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးစဉ်။

ယနေ့ ဖတ်စရာ

**Online Game လောင်းကစားလုပ်ငန်း၊ Online ကံစမ်းမဲဖောက်လောင်းကစားလုပ်ငန်းနှင့် တရားမဝင် Online ချေးငွေလုပ်ငန်းလုပ်ကိုင်သူ တရားခံ အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီး ၄၇ ဦးတို့ကို လုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဘဏ်အကောင့်များနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄



**အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီ ဖီဖာ၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုဆွတ်ခူး**

စာမျက်နှာ » ၁၇

**ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၅၀၀ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ**

စာမျက်နှာ » ၁၈